# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၄) ရက် ၊ စနေနေ့ ၊ (27-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို တွေ့ဆုံသြဝါဒစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို တွေ့ဆုံသြဝါဒစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ တွေ့ဆုံ၍ သြဝါဒစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးဝဏ္ဏမောင်လွင်၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာ ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်လူရည်ချွန် မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ် နှင့် **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


**Myanmar Mobile Money(MMM) တို့အသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Gift Card ပေးခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# လူရည်ချွန်သားကောင်းရတနာများ မပြတ်ဖော်ထုတ်

နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားများ၏ မြင့်မားသည့်အသိဉာဏ် ပညာစွမ်းပကားနှင့်တည်ဆောက်မှသာ ရေရှည်အောင်မြင်မည်ဖြစ်သည်။ ထို့အတွက် ပညာပြည့်ဝ နှလုံးလှပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူရည်ချွန်များ စဉ်ဆက်မပြတ်ဖော်ထုတ်နိုင်ရန် လေ့ကျင့်ပျိုးထောင်ခြင်းကို နိုင်ငံတော်အပိုင်းက အလေးထားဆောင်ရွက်လျက်ရှိသည်။

လူရည်ချွန် လူရည်မွန်လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်သည်။ လူငယ်တို့သည် ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့်ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များသည် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေးအတွက် လူငယ်ကဏ္ဍကို နိုင်ငံတော်အပိုင်းက မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

လူငယ်များကို ပညာထူးချွန်ပြီး ထက်မြက်သည့်ဉာဏ်ရည်ဉာဏ်သွေးရှိခြင်း၊ ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့်ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လူရည်ချွန်များအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်များဖြင့် အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လူငယ်မောင်မယ်များကို လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရေး၊ ကျန်းမာသန်စွမ်းသော ကိုယ်ကာယ၊ ကောင်းမြတ်သော အကျင့်စာရိတ္တတို့နှင့်ပြည့်စုံစေပြီး အဖွဲ့အစည်းစိတ်ဓာတ်ဖြင့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများပြုစုပျိုးထောင်ပေးရန် နိုင်ငံတော်က လူရည်ချွန်စီမံကိန်းများချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

လူရည်ချွန်စီမံကိန်းကို မိမိတို့နိုင်ငံတွင် ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစပြီး ခေတ္တရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် လူရည်ချွန်စီမံကိန်းအမည်နှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ် ၆၀ ပြည့် စိန်ရတုသို့တိုင်ပြီဖြစ်ပါသည်။ ထို့ပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဗဟိုအဆင့်ရွေးချယ်ပြီးသော အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် လူရည်ချွန်များကို ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာ စသည့်လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ်များ၊ ဗဟုသုတရရှိစေမည့် ဝန်ကြီးဌာနအလိုက် ပြခန်းများပြသခြင်းတို့ကိုလည်း အောင်မြင်စွာစီစဉ်ထားရှိပြီးဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် နိုင်ငံသားကောင်းရတနာလူရည်ချွန်များကို လူရည်ချွန်စီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ်မွေးထုတ်ပေးခဲ့သည့်အစဉ်အလာကောင်းသည် ဆယ်စုနှစ်များစွာတိုင်ခဲ့ပြီဖြစ်ပါသည်။ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သော နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်ကိုပေါက်မြောက်အောင်မြင်ရန်အတွက် လာမည့်ပညာသင်နှစ်များတွင်လည်း နိုင်ငံအနာဂတ်မျိုးဆက်သစ် လူငယ်လူရည်ချွန်သားကောင်းရတနာများစဉ်ဆက်မပြတ်ဖော်ထုတ်နိုင်ရေး နိုင်ငံတော်အစိုးရနှင့်အတူ မိဘဆရာများ၊ တာဝန်ရှိသူများအပေါင်းက ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများလောင်းလှူဒါန်းနိုင်ရေး ညှိနှိုင်းစည်းဝေး



**မန္တလေး မေ ၂၆**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူဒါန်းခြင်း အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် မေ ၂၅ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

အဆိုပါ အစည်းအဝေးသို့ ဆရာတော်သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူဒါန်းရေး ဦးစီးကော်မတီနာယက၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ဆရာတော်သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများဆက်ကပ်လောင်းလှူဒါန်းရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မည့် အခန်းကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးက ယခင် ဆောင်ရွက်ခဲ့မှုများနှင့် ယခုဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့်လည်းကောင်း၊ လုပ်ငန်းကော်မတီများက တာဝန်ယူထားသည့် ကဏ္ဍများအလိုက်လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်စွက်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၂၆**

မန္တလေး မြေဈေးကွက်အတွင်း ဝယ်လက် ပျောက်နေမှုကြောင့် အရောင်းအဝယ် ကျဆင်းလာပြီး ဆောက်လုပ်ရေး လုပ်ငန်းများပါ ကျဆင်းနေဆဲဖြစ်ကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်းရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း၊ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုချိန်ထိ ဝယ်မဲ့သူတွေက ဈေးထပ်ကျအုံးမလား မျှော်လင့်ချက်နဲ့စောင့်ကြည့်နေကြပြီး ဝယ်ယူမှုတွေ တုံ့ဆိုင်းနေပါတယ်။ အဲဒီလို ဝယ်ယူဖို့တုံ့ဆိုင်းနေတဲ့ အကျိုးဆက်က ဆောက်လုပ်ရေးနဲ့ အိမ်ခြံမြေလောကကို ကျဆင်းစေတဲ့အချက်တစ်ချက်ပေါ့။ လက်ရှိက လက်ကြီးသမားတွေလဲ ဝယ်ဖို့ရှောင်ထွက်လာကြတာများတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ယခုနှစ်ဆန်းပိုင်းက ငွေကျပ်သိန်း ၁၀၀၀ ခန့် ဈေးပေးဝယ်ယူမှုရှိခဲ့သည့် မြို့သစ်ပိုင်းများမှ ပေ (၄၀× ၄၀)မြေကွက်များမှာ ယခုအခါ ငွေကျပ်သိန်း ၁၀၀၀ အောက်ဈေးခေါ်ရောင်းချနေသော်လည်း ဝယ်ယူမှုမရှိကြောင်း၊ ယခုအခါ စီပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများသည်လည်း မြေအပိုင်ဝယ်ယူခြင်းထက် နှစ်ရှည်ငှားရမ်းခြင်းကို ပိုမိုစိတ်ဝင်စားမှုများလာမှုကြောင့် အရောင်းအဝယ်ဖြစ်မှုထက် အငှားဈေးကွက်ပို၍ဖြစ်နေကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် မြေကွက်များမှာ ချမ်းမြသာစည် မြို့နယ်အတွင်းရှိ မြရည်နန္ဒာ၊ ထွန်းတုံး၊ ကံသာယာအပိုင်းများ၊ မဟာအောင်မြေမြို့နယ်အတွင်းမှ မဟာမြိုင်အပိုင်း(၂)၊ ပြည်ကြီးတံခွန်မြို့နယ်မှ ကျွဲဆည်ကန်၊ စက်မှု(၂) အပိုင်းများ၊ ပုသိမ်ကြီးမြို့နယ်အရှေ့ခြမ်းရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အဆိုပါ အရောင်းအဝယ်ဖြစ်နေမှုများအနက် ငွေကျပ် သိန်း ၈၀၀ ခန့် ပေါက်ဈေးရှိသည့် ပေ (၄၀×၆၀)မြေကွက်များ အရောင်းအဝယ်ဖြစ်နေပြီး ၎င်းမြေကွက်များမှာ ယခင်က အနည်းဆုံး ငွေကျပ်သိန်း ၁၀၀၀ ခန့် ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မေ ၁၈ ရက်မှ ၂၄ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၇၈ စီးထိရှိခဲ့

**မန္တလေး မေ ၂၆**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မေ ၁၈ ရက်မှ မေ ၂၄ ရက်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၇၈ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မေ ၁၈ ရက်မှ မေ ၂၄ ရက်ထိ ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ ကျောက်စရစ်၊ ထုံး၊ တင်လဲရည် စသည့် ကုန်စည်များ တင်ပို့သည့် ရေယာဉ် ၇၈ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာတယ်။ ဘိလပ်မြေ၊ သကြားစတဲ့ကုန်စည်တွေက အများဆုံးဖြစ်နေတယ်။ ရေနည်းကာလအတွင်း ရေယာဉ်တွေ သောင်တင်တာ၊ ရေလမ်းကြောင်းအတွင်း မတော်တဆဖြစ်ပွားတာတွေမဖြစ်ပေါ်စေဖို့ ရေလမ်းအသုံးပြုသူတွေ အနေနဲ့ သတ်မှတ်ထားတဲ့ ရေစူးကန့်သတ်ချက်နဲ့အညီ တင်ဆောင်ပြီး စနစ်တကျခုတ်မောင်းကြဖို့ လိုအပ်ပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မေ ၁၈ ရက်မှ မေ ၂၄ ရက်ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၂၂၂၀၁ ဒသမ ၆ တန်၊ ပြောင်းဆန် ၂၇၄၀၂ ဒသမ ၇၅ တန်၊ ကျောက်စရစ် ၃၇၇ ကျင်း၊ ကျောက်မီးသွေး ၁၅၆၇ တန်၊ ထုံး တန်ချိန် ၁၅၀၀၊ တင်လဲရည် ၈၅ ဒသမ ၉၃ တန်၊ အထပ်သားအချပ်ရေ ၆၀၀၊ သကြား ၂၂၆၈၇ ဒသမ ၄၅ တန်၊ ပဲမျိုးစုံ ၁၀၀၁ ဒသမ ၅ တန်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၆၅)

ကြည်လွင်မြင့် (မုံရွာ)



**အုန်းပင်**

အင်္ဂလိပ်အမည် - Coconut Palm

မျိုးရင်း - Palmaceae

ရုက္ခဗေဒအမည် - Cocos Nucifera Linn.

**အဓိကဆေးဖက်ဝင်ပုံ**

အပူကန်ခြင်း၊ ရေဓာတ်အားနည်းခြင်း၊ ဆီးသွားနည်းခြင်း၊ ဆီးကျိတ်ရောဂါ၊ ဆီးလွန်ရောဂါ၊ သွေးပေါင်ကျရောဂါ၊ ကြွက်သားအားနည်းရောဂါ၊ ကြွက်တက်ရောဂါ၊ အပူကြီးအဖျားရောဂါ၊ ညအိပ်မပျော်ရောဂါ၊ အစာအိမ်လေပူထရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားပေါက်ရောက်ပြီး ပင်လယ်ကမ်းခြေတွင် ပိုမိုဖြစ်ထွန်းသည်။ အချို့ကုန်းတွင်းပိုင်းတွင် စီးပွားဖြစ်စိုက်ပျိုးသူများလည်းရှိသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အသီး၊ အပွင့်၊ အသား၊ တစ်ပင်လုံး ဆေးဖက်ဝင်အသုံးပြုနိုင်သည်။

**အပင်ပုံသဏ္ဌာန်**

အုန်းပင်သည် တစ်ဆယ့်နှစ်ရာသီလုံး စိမ်းနေပြီး အမြင့်ပေ ၂၀ မှ ၈၀ ထိမြင့်သည်။ မြင့်မားဖြောင့်တန်းသောပင်စည်ရှိသည်။ အုန်းပင်မှာ အဖို၊ အမပင်ဟူ၍ သီးခြားမရှိပါ။ ရွက်လက်တံရှည်၍ ငှက်မွေးရွက်ပေါင်းထွက်သည်။

အုန်းပန်းသည် အုန်းပင် တစ်ပင်တည်းတွင် အဖိုပွင့်ရော အမပွင့်ပါပါသော ပန်းခိုင်ရှိသည်။ အုန်းပန်းမှာ ဆင်စွယ်ရောင်ရှိပြီး အလွန်နှစ်သက်ဖွယ်ကောင်းသည်။

အုန်းသီးမှာ အခြားအသီးများနှင့်မတူဘဲ အတွင်းခွံမာမျိုးဖြစ်သည်။ အပြင်ခွံ၏အောက်တွင် အစေ့ခွံရှိပြီး အတွင်းနံရံတွင် အုန်းသားရှိသည်။ အုန်းရည်များလည်း ပါရှိသည်။ အုန်းသီးနုနုအရောင်မှာ အစိမ်းရောင်ရှိပြီး ရင့်လာသည့်အခါ အညိုရောင်သန်းလာကာ ခြောက်လာပါက ညိုခြောက်ခြောက်အရောင်ရှိသည်။ အုန်းသီးမှာ အခိုင်လိုက်သီးပြီး တစ်ခိုင်လျှင် အသီးအလုံးပေါင်း ၁၀ လုံးမှ အလုံး ၂၀ ထိ ရှိတတ်သည်။ တစ်နှစ်ပတ်လုံး အသီးမပြတ်ရှိတတ်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ အုန်းသီးဆန်သည် အေး၏။ ချိုဆိမ့်အရသာရှိ၏။ ကြေကျက်ပြီး ဝိပါက၌လည်းချို၏။ အကြောတက်ရောဂါ၊ ကိုယ်သားကိုယ်ရေပူလောင်သောရောဂါ၊ သည်းခြေဒေါသဖောက်ပြန်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ချောင်းဆိုးသောအခါ သွေးစသွေးန အနည်းငယ်ပါခြင်း၊ သုက်အားနည်းသောရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။ အုန်းရည်သည် အဆီဩဇာအနည်းငယ်ရှိသည်။ အေး၏။ အချို့ရှုတတရှိ၏။ အရသာပြင်း၏။ အုန်းပင်နီမျိုးတွင် အများဆုံးတွေ့ရ၏။ အုန်းရည်သည် အုန်းသီး အနု၊ အရင့်ပေါ်မူတည်၍ အာနိသင်ကွဲပြားသည်။ အုန်းရည်သည် ကြေလွယ်၏။ ရေငတ်ခြင်း၊ သည်းခြေနာ၊ လေနာတို့ကိုနိုင်၏။ ဆီးကို ရွှင်စေ၏။ ဝမ်းမီးကို တောက်စေ၏။ ဝမ်းသွားပြီး အော့အန်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးနီခြင်းများကို သက်သာစေ၏။ အုန်းပွင့်သည် ဆိမ့်၏။ အနည်းငယ်ဖန်၏။ ဓာတ်ကိုချုပ်စေတတ်၏။ သွေးဝမ်းသွားခြင်း၊ ဆီးလွန်ရောဂါကိုနိုင်၏။ အုန်းမြစ်သည် အေးသောအရသာရှိ၏။ ဆီးကို ရွှင်စေ၏။ လည်ချောင်းအာခေါင်၌ပေါက်သောအဖုများကို ပယ်ဖျောက်တတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အကြောတက်ရောဂါဖြစ်လျှင် အုန်းသီးအရည်ကိုသောက်ပြီး နုသောအုန်းသီးအဆန်ဌန်းခြစ်သားကိုစားပေးပါက သက်သာစေနိုင်သည်။ ခြေလက်ညောင်းညာကိုက်ခဲသူများလည်း ဤနည်းအတိုင်းစားသုံးနိုင်သည်။

၂။ အပူကန် လည်ချောင်းနာဖြစ်လျှင် အုန်းသီးဆန်အနုကို ထန်းလျက်နှင့်ရောစားပါက သက်သာစေနိုင်သည်။

၃။ အထက်လှန်အောက်လျှောဖြစ်ခြင်း၊ ဝမ်းအရည်များစွာသွားခြင်းဖြစ်ပါက အုန်းစိမ်းရည်ကိုဖောက်၍ အပြင်သို့သွန်မပစ်ဘဲ ပိုက်ဖြင့် စုပ်ယူ၍သောက်သုံးပေးပါ။ ဝမ်းသွားများခြင်းအပေါ်မူတည်၍ အုန်းစိမ်းရည်သုံးလုံးမှ ငါးလုံးထိ တစ်ရက်တစ်နေ့အတွင်း သောက်သုံးပေးပါက အားမပြတ်ဘဲ ပြန်လည်ကျန်းမာလာစေနိုင်သည်။

၄။ လည်ချောင်း၊ အာခေါင်၌ အဖုများပေါက်လျှင် အုန်းမြစ်ကို နုပါက ဝါး၍စားပေးပါ။ ရင့်ပါက သွေး၍လည်ချောင်းနှင့်အာခေါင်အတွင်း၊ အပြင် သုတ်လိမ်းပေးပါ။

၅။ ကြို့ထိုးလျှင် အုန်းမြစ်ကိုပြာချ၍ ပျားရည်နှင့်ရောစပ်ပြီး လျက်ပေးပါ။

၆။ ပွေးပေါက်လျှင် အုန်းမှုတ်ခွက်ကို မီးဖုတ်အဆီထုတ်၍ ထိုအဆီကို ပွေးနာများပေါ်တွင် ခပ်ကြမ်းကြမ်းပွတ်၍ သုတ်လိမ်းပေးပါက ပျောက်ကင်းစေနိုင်သည်။

**နွေရာသီတွင် အုန်းစိမ်းရည်သောက်ခြင်းအကျိုး**

ရှေးလူကြီးများသည် နွေရာသီရောက်လာသောအခါ ကျောက်၊ ဝက်သက် စသောအပူကန်၊ အပူငုပ်ရောဂါများ ကာကွယ်နိုင်ရန် အသားမရင့်သေးသော အုန်းစိမ်းရည်ကို တိုက်လေ့ရှိသည်။

အသားတည်ခါစ ဌန်းဖြစ်ဟုခေါ်ဆိုသော အုန်းစိမ်းရည်သည် အုန်းခြောက်ရည်နှင့်မတူ။ ဆန့်ကျင်ဘက်ဖြစ်သည်။ အကျိုးသွားမှာလည်းမတူ။ အုန်းခြောက်ရည်သောက်လျှင် အပူကန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ယားနာများထခြင်း စသောဆိုးကျိုးများ ခံစားရလေ့ရှိသည်။

အုန်းစိမ်းရည်နှင့် အုန်းခြောက်ရည် မတူညီသောခြားနားချက်မှာ အုန်းရည်ပေါ်တွင် အဆီများဝေ့နေလျှင် အုန်းခြောက်ရည်ဖြစ်နိုင်သည်။ အရသာမှာ အချိုနှင့် အငန် ရောစပ်နေသည်။ လေသလပ်ထားလျှင် ခဏအတွင်း အချဉ်ဓာတ်ပေါက်သွားလေ့ရှိသည်။ ထို့ကြောင့် ရှေးက ဆေးဆရာကြီးများက ကျောက်၊ ဝက်သက်ရောဂါများ ကုသရာတွင် အုန်းစိမ်းရည်ချက်ချင်းမရနိုင်ပါက နတ်အုန်းသီးကဲ့သို့ အုန်းခြောက်ရည်ကိုယူပြီး မီးဖြင့်ဆူပွက်အောင်ကျိုကာ ဆေးနှင့်ရောတိုက်လေ့ရှိသည်။

စာရေးသူသည် အလွန်ပူပြင်းသောနွေရာသီတွင် ရန်ကုန်မြို့မှ မြစ်တစ်ဖက်ကမ်းသို့ကူးပြီး ကျောက်တန်းရေလယ်ဘုရားသို့ သွားခဲ့ဖူးသည်။ ကျောက်တန်းရေလယ်ဘုရား၏တစ်ဖက်ကမ်းတွင် ခိုလှုံစရာအရိပ်မရှိ၊ နေကလည်း ပူပြင်းနေချိန်တွင် အရိပ်မိုးပေးထားသောအုန်းစိမ်းအခိုင်လိုက်ကို ချက်ချင်းဖောက်ပြီးသောက်ရန် ရောင်းချသောဆိုင်များကို တွေ့ရသည်။ ဆိုင်ရှင်အမျိုးသမီးက "နေပူထဲကလာရင် ရေခဲရေမသောက်နဲ့ အပူငုပ်ပြီး လည်ချောင်းနာလိမ့်မယ်။ အုန်းစိမ်းရည်သောက် အပူငြိမ်းတယ်"ဟု ပြောသဖြင့် အုန်းစိမ်းရည်တစ်လုံးကို ပိုက်တပ်ပြီးစုပ်သောက်လိုက်သောအခါ ရင်တွင်းတွင်အေးသွားပြီး အားရှိသကဲ့သို့ ခံစားရသည်။

ဂျပန်ခေတ် ဆေးဝါးရှားပါးသောကာလက အားပြတ်သောလူနာများ၊ ဝမ်းလျှော၊ ဝမ်းပျက်သောလူနာများကို ဂလူးကို့စ်အချိုရည်မရှိသဖြင့် အုန်းစိမ်းကို ထိပ်မှကြွက်မြီးဖြတ်ပြီး အပ်စိုက်ကာ အကြောဆေးအဖြစ်သွင်းပေးရသည်ဟု ဖတ်ရဖူးသည်။ အုန်းစိမ်းရည်၏အစွမ်းသတ္တိမှာ အနောက်တိုင်းဆရာဝန်များကပင် အသိအမှတ်ပြုသုံးစွဲကြရသည်။ အုန်းသီး၏ထူးခြားချက်များမှာ အတွင်း၌ရှိနေသော အုန်းရည်သည် မခွဲမဖောက်သမျှကာလပတ်လုံး ခန်းသွားသည်ဟုမရှိ။ ချဉ်သွားသည်ဟူ၍လည်း မရှိပေ။ ယခုအခါ လူနေထူထပ်သောမြို့ကြီးများတွင် အပူရှိန်မြင့်တက်လာသဖြင့် Heat Stroke ခေါ် အပူလျှပ်၍လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းတို့ အဖြစ်များသောရာသီဖြစ်သည်။ ဆီးပူ၊ ဆီးအောင့်ရောဂါများလည်း အဖြစ်များသည်။ အမျိုးသမီးများတွင် မီးယပ်ဖြူဆင်းရောဂါ၊ သွေးဆင်းလွန်သောရောဂါများဖြစ်လေ့ရှိသည်။ ထိုကဲ့သို့ အပူကန်၊ အပူငုပ်ရောဂါများအတွက် အုန်းစိမ်းရည်ကိုသောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

အမျိုးသားများဖြစ်လေ့ရှိသော ဆီးကျိတ်ရောင်ရောဂါကိုလည်း သက်သာစေနိုင်သည်။ အုန်းစိမ်းရည်သည် အာဟာရဓာတ်ကြွယ်ဝပြီး အပူငြိမ်းရုံသာမက အရိုး၊ အဆစ်၊ အရွတ်၊ ကြွက်သားများပါ ကောင်းစေနိုင်သော အာနိသင်အထူးရှိသည်။

ကျောက်ကပ်တည်သူတစ်ဦးက အုန်းစိမ်းအနုကိုထိပ်ဖွင့်အပေါက်ငယ်မှ ကျောက်ချဉ်ခဲသေးသေးမန်ကျည်းစေ့ခန့်ကိုထည့်ပြီး တစ်နာရီခန့်ကြာ ပိတ်ထားပြီးနောက် အုန်းစိမ်းရည်ကို ပိုက်ဖြင့်စုပ်ယူသောက်ခြင်းဖြင့် တစ်ပတ်ခန့်ကြာသောအခါ ကျောက်သေးသေးလေးကျလာသည်ကို Facebook တွင် ပုံနှင့်တကွ တင်ပြထားသည်ကို ဖတ်ရှုရဖူးသည်။

ဥတုဘောဇနသင်္ဂဟကျမ်းအဆိုအရ မနုမရင့်လတ်လတ်လောလော အုန်းသီးရည်သည် သုက်ကိုပွားစေတတ်၏။ အဆီဩဇာရှိ၏။ ချို၏။ အချို့စဉ်းငယ်ဖန်၏။ အေး၏။ ကြေလွယ်၏။ ရေငတ်ခြင်း၊ သည်းခြေ၊ လေနာတို့ကို နိုင်၏။ ဝမ်းမီးကို တောက်စေတတ်၏။ ဆီးကို ရွှင်စေတတ်၏။ ဝမ်းမီးချက်၍ ကျက်လျှင်ချို၏။ အချို့အုန်းရည်ငန်၏။ နှလုံးကြည်လင်စေတတ်၏။ နှုတ်ကိုမြိန်စေတတ်၏။ အားကိုဖြစ်စေတတ်၏။ အလွန်နုသော အုန်းသီးရည်သည် ဝမ်းကျတတ်၏။ ဆွတ်ခူး၍ကြာပြီးသောအရည်သည် ဝမ်းချုပ်၏။ ကြေခဲ၏။ သည်းခြေကိုပျက်စေတတ်၏ဟု ရေးသားထားသည်ကို တင်ပြလိုက်ပါသည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ အုန်းသီးဆန်သည် အေး၏။ ချိုဆိမ့်အရသာရှိ၏။ ကြေကျက်ပြီး ဝိပါက၌လည်းချို၏။ အကြောတက်ရောဂါ၊ ကိုယ်သားကိုယ်ရေပူလောင်သောရောဂါ၊ သည်းခြေဒေါသဖောက်ပြန်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ချောင်းဆိုးသောအခါ သွေးစသွေးန အနည်းငယ်ပါခြင်း၊ သုက်အားနည်းသောရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။ အုန်းရည်သည် အဆီဩဇာအနည်းငယ်ရှိသည်။ အေး၏။ အချို့ရှုတတရှိ၏။ အရသာပြင်း၏။ အုန်းပင်နီမျိုးတွင် အများဆုံးတွေ့ရ၏။ အုန်းရည်သည် အုန်းသီး အနု၊ အရင့်ပေါ်မူတည်၍ အာနိသင်ကွဲပြားသည်။ အုန်းရည်သည် ကြေလွယ်၏။ ရေငတ်ခြင်း၊ သည်းခြေနာ၊ လေနာတို့ကိုနိုင်၏။ ဆီးကို ရွှင်စေ၏။ ဝမ်းမီးကို တောက်စေ၏။ ❖

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၂၃၃၅ ဧက ရိတ်သိမ်းပြီးစီး

**ချောင်းဦး မေ ၂၆**


စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော ပဲတီစိမ်း ၂၃၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းသီးနှံများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၃၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၂၃၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့စိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးအတွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ကိုယ်ပိုင်ထုဆစ် သမိုင်းသစ်

- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တန်ဖိုးထား မြတ်နိုးပါ၊
ကိုယ့်စာပေ စာစကား
အားထားလေ့လာ၊
ယဉ်ကျေးမှု အနုပညာ
ဗိသုကာ လက်ရာများ၊
နတ်နိဗ္ဗာန် ဘုံတမျှ
လှပခမ်းနား။

- ကိုယ့်တာဝန် ကိုယ်ယူထား
နိုင်ငံအား တိုးတက်အောင်၊
ကိုယ့်အားအင် အစွမ်းအစနဲ့
မြှင့်ကြပြည်ထောင်၊
ကိုယ့်သမိုင်း ထွန်းလင်းပြောင်
နေအရောင် ပမာအလား၊
မိမိကိုယ် ပုံဖော်ထုလို့
ရေးရှုကြိုးစား။

- ငါတို့သည် မြန်ပြည်သား
တိုင်းပြည်အား ကာကွယ်၊
ကိုယ့်တိုင်းပြည် လိုအပ်ချက်
ထမ်းရွက်ကြမယ်၊
စည်းလုံးကြ ထင်းစည်းနှယ်
မော်ကွန်းရယ် ရေးထိုး၊
သမိုင်းဂုဏ် မညှိုးနွမ်းဖို့
အစွမ်းကုန်ကြိုး။ ။

ချစ်သက်(မြန်မာစာ)

# အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်၌ပြီးစီးနိုင်ရန် လျာထားဆောင်ရွက်နေ

**နေပြည်တော် ဧပြီ ၂၆**

အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်၌ ပြီးစီးနိုင်ရန် လျာထားဆောင်ရွက်နေကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သိရသည်။




အဆိုပါ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ အမှတ်(၅) တည်ဆောက်ရေးက ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်အကွာ နမ့်တိန်ချောင်းပေါ်တွင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မရေလှောင်တမံမှာ အလျားပေ ၁၈၀၀၊ အမြင့်ပေ ၂၃၀ ရှိ ကျောက်ဖြည့်တမံဖြစ်ကြောင်း၊ ကန်ရေပြည့်ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၀၄၀၀၀ ရှိကာ စက်တပ်ဆင်အင်အား ၁၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်မှ နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်ရရှိသည့် ဓာတ်အားကို ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နမ့်စန်ပင်မဓာတ်အားခွဲရုံသို့ ချိတ်ဆက်ပို့လွှတ်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဂျပန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် နော်ဝေနိုင်ငံတို့မှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၇ သန်းကို မဟာဓာတ်အားလိုင်းစနစ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်ခရိုင်နှင့် လင်းခေးခရိုင်တို့ အတွင်းရှိ ဒေသခံပြည်သူများသုံးစွဲရန်လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အထောက်အကူပြုဖြည့်တင်းပေးနိုင်မည့်အပြင် ပိုလျှံသောလျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းကွန်ရက်မှတစ်ဆင့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ အဆိုပါစီမံကိန်း၏ ၈၂ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်ပိုင်း၌ ပြီးစီးနိုင်ရန်လျာထားဆောင်ရွက်နေကြောင်း သိရသည်။

SKL

# ဝေါမြို့နယ်၌ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပ

**ဝေါ ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ဧပြီ ၂၅ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိကမြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ယခင်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခက်အခဲများ၊ အကြံပြုချက်များကို ဆွေးနွေးပေးစေလိုကြောင်း၊ ဆွေးနွေးပေးရမည့်ခေါင်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆွေးနွေးရမည့်ခေါင်းစဉ်တစ်ခုချင်းအလိုက်ဆွေးနွေးကြပြီး ရရှိလာသည့် ဆွေးနွေးမှုရလဒ်များအပေါ် ပြန်လည်တင်ပြကြကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ စုစုပေါင်း ဦးရေ ၅၀ တက်ရောက်ကြောင်း သိရသည်။

ဝေါမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၂၂ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

ကိုညို

# သာစည်မြို့နယ် ညောင်ရမ်းမြို့မကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သာစည် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ညောင်ရမ်းကျေးရွာအုပ်စု ညောင်ရမ်းမြို့မကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်အေးမို့မို့ပိုင်နှင့် ဝန်ထမ်းများက ညောင်ရမ်းမြို့မကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ညောင်ရမ်းမြို့မကျေးရွာတွင် အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်မှစ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်ခိုး(မလှိုင်)

## နိုင်ငံတကာ သတင်းများ

# အိန္ဒိယအထွေထွေရွေးကောက်ပွဲ ဒုတိယအဆင့်ကျင်းပ ပြည်သူသန်းပေါင်းများစွာ ပါဝင်မဲပေး

**ဒေလီ မေ ၂၆**

အိန္ဒိယအထွေထွေရွေးကောက်ပွဲဒုတိယအဆင့်ကို ယနေ့တွင် စတင်ကျင်းပခဲ့ရာ အိန္ဒိယပြည်သူသန်းပေါင်းများစွာ ပါဝင်မဲပေးခဲ့ကြကြောင်း သိရသည်။

အိန္ဒိယရွေးကောက်ပွဲ ဒုတိယအဆင့်ကို ပြည်နယ်နှင့် ဖက်ဒရယ်ဒေသ ၁၃ ခုတို့တွင် ကျင်းပနေခြင်းဖြစ်ပြီး ပါဝင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူသန်းပေါင်း၁၆၀ကျော်တို့ ပါဝင်မဲပေးလျက်ရှိသည်။

အိန္ဒိယအထွေထွေရွေးကောက်ပွဲဒုတိယအဆင့်တွင် အိန္ဒိယအောက်လွှတ်တော်အမတ်နေရာ ၅၄၃ နေရာအနက် ၈၈ နေရာတို့ကို မဲဆန္ဒရှင်များက ရွေးချယ်ပေးရမည်ဖြစ်သည်။

အိန္ဒိယရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲ ပထမအဆင့်ကို ဧပြီ ၁၉ ရက်တွင် စတင်၍ သုံးရက်ကြာကျင်းပခဲ့ပြီးဖြစ်သည်။

အထွေထွေရွေးကောက်ပွဲပထမအဆင့်ပြီးဆုံးပြီးနောက် ဝန်ကြီးချုပ်မိုဒီ၏ လက်ရှိအာဏာရ ဘရာတီယာဂျနေတာပါတီနှင့်ပြိုင်ဘက်အတိုက်အခံပါတီများကြားအားပြိုင်မှုပိုမိုပြင်းထန်လာခဲ့သည်။

အဆင့်ခုနစ်ဆင့်ခွဲ၍ ကျင်းပရမည့် အိန္ဒိယအထွေထွေရွေးကောက်ပွဲသည် ဇွန် ၁ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဇွန် ၄ ရက်တွင် ဆန္ဒမဲများ စတင်ရေတွက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ယခုနှစ်မေလတွင် တရုတ်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားကြောင်း ရုရှားသမ္မတပူတင်ပြောကြား



**မော်စကို မေ ၂၆**

ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း ရုရှားသမ္မတပူတင်က ဧပြီ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မော်စကိုမြို့၌ ဧပြီ ၂၅ ရက်တွင်ကျင်းပခဲ့သည့် ရုရှားစက်မှုလုပ်ငန်းရှင်များနှင့် စွန့်ဦးလုပ်ငန်းရှင်များအသင်း ညီလာခံတွင် တရုတ်နိုင်ငံသို့ သွားရောက်မည့်အစီအစဉ်ကို ရုရှားသမ္မတပူတင်က အတည်ပြု ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် သမ္မတပူတင်သည် ခရီးစဉ်စတင်မည့်နေ့ အပါအဝင် ခရီးစဉ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

လာမည့် တရုတ်ခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် သမ္မတရွေးကောက်ပွဲ အနိုင်ရခဲ့ပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ယခုနှစ်မတ်လအတွင်း ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင်ပြိုင်ဘက်များကို သက်သောင့်သက်သာဖြင့် အနိုင်ရခဲ့ပြီး သမ္မတရာထူးကိုပဉ္စမအကြိမ်အဖြစ် ရယူခွင့်ရရှိခဲ့သည်။

ရုရှားသမ္မတပူတင် အနေဖြင့် လာမည့် မေ ၇ ရက်တွင် ရုရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရန်စီစဉ်ထားသည်ဟု ရုရှားလွှတ်တော်အမတ်များကပြောကြားထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဂါဇာအပျက်အစီးများကိုရှင်းလင်းရန် ၁၄ နှစ်အချိန်ယူရနိုင်ဟုဆို

**ဂျိုနီဗာ မေ ၂၆**

ဂါဇာကမ်းမြောင် စစ်ပွဲကာလအစ္စရေးထိုးစစ်များအတွင်း မပေါက်ကွဲဘဲကျန်ရစ်ခဲ့သည့် ခဲယမ်းမီးကျောက်များအပါအဝင် ဂါဇာဒေသတစ်ခွင် အပျက်အစီးများကို ရှင်းလင်းရေးအတွက် ၁၄ နှစ်မျှအချိန်ယူရနိုင်ကြောင်း သိရသည်။

ခုနစ်လကြာ ဂါဇာစစ်ပွဲကာလအတွင်း အစ္စရေးနိုင်ငံ၏ ထိုးစစ်များကြောင့် လူဦးရေ ၂ ဒသမ ၃ သန်းနေထိုင်ရာ ဂါဇာကမ်းမြောင်ဒေသမှာ ဖုန်ဆိုးမြေဘဝရောက်ခဲ့ရကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ တာဝန်ရှိသူများ၏ အဆိုအရ ဂါဇာစစ်ပွဲကာလအတွင်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ အပျက်အစီးပမာဏတန်ချိန် ၃၇ သန်းထိ ပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂါဇာဒေသအပျက်အစီးများကို ရှင်းလင်းရေးအတွက် အချိန်ကာလအားဖြင့် ၁၄ နှစ်ကြာ အချိန်ယူရနိုင်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ဂါဇာအခြေစိုက် ဟားမက်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ပွဲစတင်ခဲ့ရသည်။

ခုနစ်လကြာ ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းလူမျိုးဦးရေ ၃၀၀၀၀ ကျော်လည်း သေဆုံးခဲ့ရသည်ဟု ပါလက်စတိုင်းကျန်းမာရေးတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



# မက်တာလာရာဇဝတ်ဆာလေဆိပ် စီမံခန့်ခွဲမှု ရုရှားနှင့်အိန္ဒိယကုမ္ပဏီများကို သီရိလင်္ကာလွှဲပေးမည်

**ကိုလံဘို မေ ၂၆**

အမေရိကန်ဒေါ်လာ ၂၀၉ သန်း အကုန်အကျခံ၍ တရုတ်နိုင်ငံက တည်ဆောက်ပေးထားသော လေဆိပ်တစ်ခု၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို သီရိလင်္ကာနိုင်ငံက ရုရှားနှင့် အိန္ဒိယကုမ္ပဏီများလက်ဝယ်သို့လွှဲပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံပိုင်လုပ်ငန်းများ အရှုံးပေါ်မှုကို လျှော့ချရန်ကြိုးစားသည့် အနေဖြင့် မက်တာလာရာဇဝတ်ဆာလေဆိပ်စီမံခန့်ခွဲရေး လုပ်ငန်းများကို ရုရှားနှင့် အိန္ဒိယကုမ္ပဏီများ လက်သို့လွှဲပေးရန် သီရိလင်္ကာအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

မက်တာလာရာဇဝတ်ဆာလေဆိပ်သည် ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း လေယာဉ်အဝင်၊အထွက် နည်းပါးမှုကြောင့် အများဝေဖန်မှုနှင့် ရင်ဆိုင်ခဲ့ရသော လေဆိပ်ဖြစ်ခဲ့ရသည်။

သီရိလင်္ကာအစိုးရ၏ သတင်းထုတ်ပြန်ချက်အရ မက်တာလာရာဇဝတ်ဆာလေဆိပ်စီမံခန့်ခွဲမှုကို ရုရှားနှင့် အိန္ဒိယကုမ္ပဏီများက နှစ် ၃၀ ကြာ တာဝန်ယူပေးမည်ဖြစ်သည်။

မက်တာလာ ရာဇဝတ်ဆာလေဆိပ်သည် တရုတ်နိုင်ငံကိုလိုလားသည့် သမ္မတဟောင်းရာဇပတ်ဆာလက်ထက်တွင် တည်ဆောက်ခဲ့ပြီး ရာဇပတ်ဆာ၏ မွေးရပ်မြေ၌တည်ရှိသည်။

လက်ရှိအချိန်တွင် သီရိလင်္ကာအစိုးရသည် မက်တာလာရာဇပတ်ဆာလေဆိပ်အတွက် ရယူထားသည့် ကြွေးမြီများအား ပြန်လည်ပေးဆပ်ရေးအစီအစဉ်ကို ရေးဆွဲရေးအတွက် တရုတ်နိုင်ငံနှင့် ဆွေးနွေးလျက် ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# အမေရိကန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများ ပေကျင်းမြို့၌တွေ့ဆုံ

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် ငါးနာရီခွဲကြာယနေ့ဆွေးနွေးပွဲတွင် တရုတ်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးပြဿနာများ၊ ဒေသတွင်းပြဿနာများနှင့် နိုင်ငံတကာပြဿနာများကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် တရုတ်ခရီးစဉ်နောက်ဆုံးရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့်ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယနေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်သည် ပြည်သူ့မဟာခန်းမဆောင်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်လည်း တွေ့ဆုံနိုင်ခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ဧပြီ ၂၄ ရက်ကပင် သုံးရက်ကြာ တရုတ်ခရီးစဉ်အဖြစ် ရှန်ဟိုင်းမြို့သို့ စတင်ရောက်ရှိခဲ့သည်။

ယခုတရုတ်နိုင်ငံခရီးစဉ်သည် အန်တိုနီဘလင်ကန် အတွက် တစ်နှစ်မပြည့်မီ ကာလအတွင်း ဒုတိယမြောက် တရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။


လက်ရှိအချိန်တွင် တရုတ်နှင့်အမေရိကန်နိုင်ငံတို့သည် ပြဿနာအမျိုးမျိုးကြောင့် တင်းမာနေခဲ့ရသည့် နှစ်နိုင်ငံဆက်ဆံရေးကို ပုံစံပြန်ချရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ် တီယန်ကောင်းအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့



**ပေကျင်း ဧပြီ ၂၆**

တရုတ်အမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ထားသော ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်သည် ယနေ့တွင် တီယန်ကောင်းအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်ကို ဧပြီ ၂၅ ရက်တွင် ချိုက်ကွမ်းအာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီး ၆ ဒသမ ၅ နာရီအကြာတွင် တီယန်ကောင်း အာကာသစခန်း တီယန်ဟီပင်မကိုယ်ထည်နှင့် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်နှင့်အတူ တရုတ် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူး သုံးဦးသည် ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများထံမှ တာဝန်များ လက်လွှဲရယူ၍ တီယန်ကောင်း အာကာသစခန်း၌ ခြောက်လကြာ တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တီယန်ကောင်း အာကာသစခန်းကို ၂၀၂၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အပြီးသတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ရုရှားအာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ထွက်ခွာပြီး ရေဒါစနစ်ပြန့်ကြက်မှုအပါအဝင် လုပ်ငန်းတာဝန်အားလုံး အပြီးသတ်ဆောင်ရွက်နိုင်ခဲ့


**မော်စကို ဧပြီ ၂၆**

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် ဧပြီ ၂၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာပြီး ရေဒါစနစ်ဖြန့်ကြက်မှုအပါအဝင် လုပ်ငန်းတာဝန်အားလုံး အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ရုရှားအာကာသယာဉ်မှူး အိုလက်ကိုနိုနင်ကိုနှင့် နီကိုလိုင်းချပ်ဘ်သည် ရုရှားအာကာသအေဂျင်စီ၏ နော်ကာပင်မကိုယ်ထည်၌ တပ်ဆင်ထားသည့် ရေဒါစနစ်ကို အပြီးသတ် တပ်ဆင်နိုင်ခဲ့သည်။

ရုရှားအာကာသယာဉ်မှူးနှစ်ဦး၏ နိုင်ငံတကာ အာကာသစခန်းယာဉ် ပြင်ပထွက်ခွာချိန်မှာ လေးနာရီ ၃၆ မိနစ်ထိ ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းမှ



အာကာသယာဉ်မှူးများသည် အာကာသစခန်း တည်ဆောက်တပ်ဆင်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ အဆင့်မြှင့်တင်ရေးတို့အတွက် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာမှုအကြိမ်ပေါင်း၂၇၀ ထိ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်း အာကာသယာဉ်မှူးများ၏ အာကာသစခန်း ပြင်ပထွက်ခွာချိန် စုစုပေါင်းမှာ ၇၁ ရက် ၁၁ နာရီ ၂၅ မိနစ်ထိ ရှိခဲ့ကြောင်း သိရသည်။

နော်ကာ ပင်မကိုယ်ထည်၌ ရုရှား အာကာသယာဉ်မှူးတပ်ဆင်ဖြန့်ကြက်ပေးခဲ့သော ရေဒါစနစ်ကို ကမ္ဘာမြေစောင့်ကြည့်လေ့လာရေး အတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိထားသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းခြေရာများက မီဂါရက်ပ်တာရောမဒိုင်နိုဆော၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများဖြစ်

**ပေကျင်း ဧပြီ ၂၆**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း၌ တူးဖော်တွေ့ရှိထားသည့် ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် မီဂါရက်ပ်တာ (Megaraptor) ခေါ် ရောမဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများဖြစ်ကြကြောင်း ဧပြီ ၂၅ ရက် သတင်းများအရ သိရသည်။

Fujianipus ဟု၍ အမည်ပေးထားသည့် အဆိုပါ မီဂါရက်ပ်တာဒိုင်နိုဆောသည် နှုတ်သီးမှအမြီးဖျားထိ ကိုယ်ခန္ဓာအလျား ငါးမီတာထိ ရှိကြောင်း အမေရိကန်နိုင်ငံ ချာလက်စတန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Fujianipus မီဂါရက်ပ်တာသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ မီဂါရက်ပ်တာများအနက် ကိုယ်ခန္ဓာအရွယ်အစား အကြီးဆုံး ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

မီဂါရက်ပ်တာများသည် ယနေ့ခေတ်ငှက်များနှင့် ပုံသဏ္ဌာန်ချင်း အလွန်နီးစပ်သည့် ဒိုင်နိုဆောများဖြစ်ကြသည်။

Fujianipus မီဂါရက်ပ်တာဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ၉၆ သန်းခန့်က အရှေ့အာရှဒေသ၌ ကျက်စားခဲ့ကြဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Fujianipus မီဂါရက်ပ်တာဒိုင်နိုဆောကို ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ လောင်ရှန်းဒေသတွင် တူးဖော်တွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## မျောက်ကျောက်ရောဂါကူးစက်မှုကပ်ဘေးဖြစ်နေကြောင်း ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာန ကြေညာ

**ဘရာဇာဗယ်လ် ဧပြီ ၂၆**

မျောက်ကျောက်ရောဂါကူးစက်မှု ကပ်ဘေးတစ်ရပ် ဖြစ်ပေါ်နေပြီဖြစ်ကြောင်း ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၅ ရက်တွင် ကြေညာထားသည်။

ဘရာဇာဗယ်လီမြို့တော် အပါအဝင် ပြည်တွင်းနေရာပေါင်း ငါးခုတို့၌ မျောက်ကျောက်ရောဂါကူးစက်မှုဖြစ်စဉ်ပေါင်း ၁၉ ခုထိ ရှိခဲ့ပြီးနောက် မျောက်ကျောက်ရောဂါကူးစက်မှုကပ်ဘေးကို ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မျောက်ကျောက်ရောဂါ ကူးစက်မှုကြောင့် သေဆုံးမှုမရှိသေးကြောင်း ကွန်ဂိုကျန်းမာရေးဝန်ကြီး ဂျီးလ်ဘတ်မိုကိုလီက ထုတ်ဖော်ပြောကြားထားသည်။

မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် ရောဂါရှိနေသူများအဖြစ် ယူဆရသူများနှင့် ထိတွေ့မှုကို ရှောင်ရှားရန်အပါအဝင် လိုအပ်သည့် ရောဂါကူးစက်မှုကာကွယ်ရေးအစီအမံများကို လိုက်နာကြရန် ကွန်ဂို ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများကို တိုက်တွန်းထားသည်။

မျောက်ကျောက်ရောဂါကို ကွန်ဂို၏အိမ်နီးချင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်အတွင်း စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ဥရောပနှင့် မြောက်အမေရိကတို့၌ မျောက်ကျောက်ရောဂါ ကူးစက်မှုဖြစ်ပွားခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကမ္ဘာ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Heartburn အတွက် အသုံးပြုသည့်ဆေးက ခေါင်းကိုက်ရောဂါခံစားရနိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဧပြီ ၂၆**

အစာအိမ်အက်စစ်ဆန်တက်မှုပြဿနာ(Heartburn) အတွက် အသုံးပြုသည့် ဆေးဝါးများသည် ခေါင်းကိုက်ရောဂါ ခံစားရနိုင်ခြေ ၇၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဧပြီ ၂၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် Heartburn ဆေးဝါးများ သုံးစွဲနေကြရသည့် လူပေါင်း ၁၁၈၀၀ တို့၏အချက်အလက်များကို စိစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ Proton Pump Inhibitor ခေါ် Heartburn ဆေးများသုံးစွဲနေကြရသူများတွင် ခေါင်းကိုက်ရောဂါခံစားရနိုင်ခြေ ၇၀ ရာခိုင်နှုန်းထိ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Heartburn ဆေးများကြောင့် ကိုယ်ခန္ဓာ၌ ရေဓာတ်ခန်းခြောက်သွားတတ်ပြီး ရေဓာတ်ခန်းခြောက်မှုမှာ ခေါင်းကိုက်ခြင်း၏အဓိကအကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Proton Pump Inhibitor ဆေးများသည် အစာအိမ်အက်စစ်ဆန်တက်မှုပြဿနာတွင် ကမ္ဘာပေါ်၌ လူသန်းပေါင်းများစွာတို့ သုံးစွဲနေကြရသော ဆေးများဖြစ်ကြောင်း သိရသည်။

အစာအိမ်အက်စစ်ဆန်တက်မှုပြဿနာပေါ်လာချိန်တွင် လူနာများ၏ အစာအိမ်အတွင်းရှိ အက်စစ်ရည်များ အစာပြွန်လမ်းကြောင်းတစ်လျှောက် ရောက်လာတတ်ပြီး ရင်ဘတ်ပူလောင်မှုဝေဒနာ ခံစားရတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# MNL League Cup 2024 ပြိုင်ပွဲ အုပ်စု (B)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဧပြီ ၂၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စု (B) ပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရိန်းဘိုးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀ တွင် နန္ဒကျော်၊ ပွဲချိန် ၃၄ မိနစ်တွင် ထက်ဝေဖြိုး၊ ပွဲချိန် ၄၅ မိနစ်တွင် သူရိန်ထွန်း၊ ပွဲချိန် ၄၉ မိနစ်၊ ၅၆ မိနစ်နှင့် ၆၇ မိနစ်တို့တွင် မိတိုဟီရို၊ ပွဲချိန် ၈၈ မိနစ်တွင် ဆအောင်ပြည့်ကိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရခိုင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၄ မိနစ်နှင့် ၇၆ မိနစ်တို့တွင် ကျော်ကိုကိုက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အီလ်ရွိုင်း၊ ရှိန်းလော်ရီတို့အတွဲက အခြားပြိုင်ပွဲဝင်သုံးတွဲဖြင့် ပူးတွဲဦးဆောင်

**နယူးအော်လန် ဧပြီ ၂၆**

အမေရိကန်နိုင်ငံ လူဝီစယားနားပြည်နယ် နယူးအော်လန်မြို့တွင် ကျင်းပနေသည့် Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီတို့အတွဲက သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျှော့ရိုက်ကာ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသော မက်တက်ဘက်နှင့် ရိုင်ယန်ဘရင်မ်တို့အတွဲ၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသော ကစ်ဇီရီနှင့် ဘင်ခိုလက်စ်တို့အတွဲ၊ အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားအာရွန်ရိုင်နှင့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား



လစ်စကိုင်းတို့အတွဲသည် အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်လျက်ရှိကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်ယောက်တွဲယှဉ်ပြိုင်ရသည့် ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး နာမည်ကြီးကစားသမား အမြောက်အမြား ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ပုံစံကောင်းပျောက်ဆုံးနေသည့် မက်အီလ်ရွိုင်းနှင့် ရှိန်းလော်ရီတို့သည် ပထမနေ့တွင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ကြပြီး ပုံစံကောင်း ပြန်လည်ရရှိခဲ့ကြသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာနှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ပက်ထရစ်ကန်တလေတို့မှာ ပထမနေ့တွင် ပုံစံကောင်းရခဲ့သော်လည်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်သာလျှော့ရိုက်နိုင်ခဲ့သည်။

မက်အီလ်ရွိုင်းက "ရာသီဥတုက သာယာသလို ဂေါက်ကလပ်ကလဲကောင်းတယ်။ နယူးအော်လန်မြို့ကိုရောက်လာတာ တစ်ရက်နှစ်ရက်လောက်ပဲ ရှိသေးတယ်ဆိုပေမဲ့လဲ ကိုယ်နဲ့ရင်းနှီးနေတယ်လို့ခံစားရတယ်။ ရာသီဥတုကလဲအေးပြီးတော့ အစားအသောက်တွေလဲကောင်းတယ်။ နေရာထိုင်ရတာ အဆင်ပြေတဲ့အတွက် စိတ်ချမ်းသာတယ်။ ပေါ့ပေါ့လန်းဆန်းနေတဲ့အတွက်ကြောင့်လဲ ပြိုင်ပွဲမှာ သက်သောင့်သက်သာနဲ့ ကစားနိုင်ခဲ့တယ်။ ပထမနေ့ရလဒ်ပိုင်းနဲ့ ပတ်သက်ပြီး အားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ယူအေဘီဘဏ် ကြက်တောင်ဂျူနီယာချန်ပီယံရှစ် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၆**

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကြက်တောင်အားကစား အောင်နိုင်ရေး လုပ်ငန်းများအား အချိန်အဟုန်မပျက် စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ယူအေဘီဘဏ် ကြက်တောင်ဂျူနီယာချန်ပီယံရှစ် အမျိုးသား၊ အမျိုးသမီးကြက်တောင်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယူအေဘီဘဏ် ကြက်တောင်ဂျူနီယာချန်ပီယံရှစ် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲတွင် အသက် ကိုးနှစ်အောက်၊ ၁၁ နှစ်အောက်၊ ၁၃ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ၊ အသက် ၁၅ နှစ်အောက်၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို လာမည့် မေ ၁ ရက်မှ ၄ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)မှ နောက်ဆုံးအတည်ပြုထုတ်ပြန်ထားသော ကြက်တောင်အားကစား နည်းဥပဒေနှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအား မြန်မာနိုင်ငံ ကြက်တောင်အားကစား အဆင့်အတန်းအား အရှေ့တောင်အာရှ၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့ တက်ရောက်နိုင်စေရန်၊ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများ ပေါ်ပေါက်လာစေရန်၊ ဆုကြေးများ ထိုက်ထိုက်တန်တန်ချီးမြှင့်သောပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် အားကစားသမားများ မိမိတို့ အားကစားအရည်အသွေးကို မြှင့်တင်လိုစိတ်ထက်သန်လာစေရန်၊ သက်တမ်းအလိုက်ပြိုင်ပွဲများ၊တံခွန်စိုက်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် အလားအလာကောင်းသော မျိုးဆက်သစ် လူငယ်အားကစားမောင်မယ်များအား ရွေးချယ်စုစည်းလေ့ကျင့်ပေးခြင်းဖြင့် မြန်မာ့ကြက်တောင်အားကစားအဆင့်အတန်းကို မြှင့်တင်သွားရန်ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

STA

# စပိန်လာလီဂါ ပွဲစဉ် (၃၃) ပွဲကြိုသုံးသပ်ချက်များ

STA

**ကာဒီဇက် Vs မာယော့ကာ**

**ကစားမည့်ရက်/အချိန် ၂၈-၄-၂၀၂၄ (ည ၀၆:၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**မာယော့ကာ ၁ – ၁ ကာဒီဇက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | – | အိမ်(နိုင်) | အိမ်(ရှုံး) | ဧး(ရှုံး) |
| မာယော့ကာ | – | ဧး(သရေ) | အိမ်(ရှုံး) | ဧး(ရှုံး) |

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ကာဒီဇက်အသင်းဟာ ရမှတ်လိုအပ်ချက်ရှိနေလို့ အိမ်ကွင်းပွဲစဉ်မှာ အမှားခံမှာမဟုတ်ပါဘူး။ မာယော့ကာအသင်းကတော့ ကစားပုံတည်ငြိမ်မှုမရှိဘဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ရှုန်းကန်နေရပါတယ်။ ဒါကြောင့် တန်းဆင်းဇုန်ကရုန်းထွက်ဖို့ ကြိုးစားလာမဲ့ ကာဒီဇက်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ကာဒီဇက် ၂ – ၁ မာယော့ကာ**

**ဗီလာရီးရဲလ် Vs ဗယ်လ်ကာနို**

**ကစားမည့်ရက်/အချိန် ၂၈-၄-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ဗယ်လ်ကာနို ၁ – ၁ ဗီလာရီးရဲလ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | – | အိမ်(ရှုံး) | ဧး(သရေ) | ဧး(နိုင်) |
| ဗယ်လ်ကာနို | – | ဧး(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေပြန်လည်ကောင်းမွန်နေတဲ့ ဗီလာရီးရဲလ်အသင်းဟာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ ဗယ်လ်ကာနိုအသင်းကတော့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဗီလာရီးရဲလ်အသင်းပဲ နိုင်ပွဲရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဗီလာရီးရဲလ် ၁ – ၀ ဗယ်လ်ကာနို**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်

STA

**မိန့်ဇ် Vs ကိုလုံး**

**ကစားမည့်ရက်/အချိန် ၂၈-၄-၂၀၂၄ (ည ၁၀:၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ကိုလုံး ၀ – ၀ မိန့်ဇ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | – | အိမ်(နိုင်) | အိမ်(နိုင်) | ဧး(သရေ) |
| ကိုလုံး | – | အိမ်(နိုင်) | ဧး(ရှုံး) | အိမ်(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက် ရှုံးပွဲမရှိသေးဘဲ သုံးပွဲအနိုင်ရရှိထားတဲ့ မိန့်ဇ်အသင်းရဲ့ခြေစွမ်းပိုင်းက ပြန်လည်ကောင်းမွန်နေပါတယ်။ ကိုလုံးအသင်းကတော့ နှစ်ပွဲဆက်ရှုံးပွဲကြုံထားပြီး ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်မှုရှိတဲ့ မိန့်ဇ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – မိန့်ဇ် ၁ – ၀ ကိုလုံး**

# ပြင်သစ်လီဂူး ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်ယွန် Vs မိုနာကို**

**ကစားမည့်ရက်/အချိန် ၂၈-၄-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**မိုနာကို ၀ – ၁ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | – | ဧး(နိုင်) | အိမ်(နိုင်) | ဧး(ရှုံး) |
| မိုနာကို | – | အိမ်(နိုင်) | ဧး(နိုင်) | အိမ်(နိုင်) |

လေးပွဲဆက်နိုင်ပွဲရယူထားပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခြေအနေကောင်းမွန်နေတဲ့ မိုနာကိုအသင်းဟာ အဝေးကွင်းဆိုပေမဲ့ အမှားခံမှာမဟုတ်ပါဘူး။ လိုင်ယွန်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းတည်ငြိမ်လာပေမဲ့ ခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်း အသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုင်ယွန် ၁ – ၂ မိုနာကို**

# ကဗျာအလှ၊ စာအလှ (၈)

**မန်းတင့်မော်**

မြန်မာနှစ်သစ်သို့ကူးခဲ့ပြီ။ နှစ်ဟောင်းက အညစ်အကြေးများကို အတာရေဖြင့်ဆေးကြောသန့်စင်ခဲ့ကြပြီးဖြစ်သည်။ ခန္ဓာကိုယ်ရှိ အညစ်အကြေးများကို ရေဖြင့်သန့်စင်နိုင်သော်လည်း စိတ်အညစ်အကြေးများကိုမူ သတိတည်းဟူသော ရေဖြင့် ဆေးကြောရပေလိမ့်မည်။ သတိမပြတ် ရှုမှတ်ကြရန်လည်း ဘာသာတရားများ၏ အဆုံးအမများက ရှိပြီးဖြစ်သည်။ သို့သော် မိမိအပါအဝင် ပုထုဇဉ်လူသားအများစုက သတိနှင့်ယှဉ်နိုင်ရန် ကြိုးစားနေကြရဆဲလည်းဖြစ်သည်။

တစ်နှစ်အသစ် ကူးပြောင်းလေတိုင်း နှစ်သစ်ကိုစာ၊ ကဗျာများဖြင့် မင်္ဂလာရှိစွာ ကြိုဆိုကြစမြဲဖြစ်သည်။ မြန်မာစာပေခေတ်ဦးပိုင်းမှသည် ယနေ့တိုင် စာ၊ ကဗျာဆိုင်ရာ စာပေပညာရှင်များက စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည်မှာလည်း ကာလကြာမြင့်ခဲ့ပြီ။ ကဗျာဆရာမငွေတာရီ၏ နှစ်သစ်ကိုကြိုဆိုသောကဗျာများစွာထဲမှ "နှစ်ဦးသစ္စာ"အမည်ရှိ အလှကဗျာတစ်ပုဒ်ကို တင်ပြလိုပါသည်။ ကဗျာ၏ ပထမအပိုဒ်တွင်-

"နှစ်အကူး

သစ်မြူးပါလို့ ဘဝင်ချို"ဟု စတင်လိုက်ပါသည်။ နှစ်ဟောင်းမှ နှစ်သစ်ကိုကူးသည့် သည်အချိန်သည်ကာလတွင် ရွက်ဟောင်းများကြွေချိန်ကုန်၍ ရွက်သစ်တို့တဝေဝေဖြင့် သဘာဝပတ်ဝန်းကျင်ရှိ သစ်ပင်အားလုံး လှပနေချိန်လည်းဖြစ်သည်။ သင်္ကြန်ရေပွဲတော်ကိုလည်း ရွှင်ရွှင်မြူးမြူးဆင်နွှဲခဲ့ပြီးလည်းဖြစ်သည်။ လူတို့၏စိတ်နှလုံးကလည်း ရွှင်ပြုံးလျက်ရှိသည်ဟုဆိုနိုင်သည်။ ဤနေရာတွင် ကဗျာဆရာမက စိတ်ခံစားမှုကို လျှာအရသာခံစားမှုနှင့် ထပ်တူပြုလျက် "ဘဝင်ချို"ဟု သုံးနှုန်းလိုက်ပုံလေးမှာ ဆန်းသစ်လျက် ကဗျာ၏အလှကို ပိုမိုပေါ်လွင်စေပါသည်။

မြန်မာတို့က စကားလုံးကြွယ်ဝသကဲ့သို့ လူသို့မဟုတ် ပစ္စည်း သို့မဟုတ် နေရာဒေသတစ်မျိုးမျိုးကိုပင် စကားလုံးပြောင်း၍ အမျိုးမျိုးခေါ်ဝေါ်လေ့ရှိသည်။ လူမျိုးနှင့်ဒေသဆိုင်ရာ အခေါ်အဝေါ်များကလည်းရှိသေးသည်။ အမျိုးသမီးငယ်လေးကို မိန်းမပျို၊ အပျို၊ ကညာစသည်ဖြင့် ခေါ်ဝေါ်သည်။ အခြားတင်စားခေါ်ဝေါ်မှုများလည်း ရှိသေးသည်။ ခေတ်အလိုက် ပေါ်ထွန်းလာသော ဗန်းစကားများလည်းရှိပါသည်။ မူလစကားနှင့်ဗန်းစကားတွဲလျက် သုံးသည်မျိုးလည်း ရှိသည်။ "နိပ်"ဟူသော စာလုံးကို မြန်မာအဘိဓာန်တွင် နိပ်၊ နပိ-(ဗန်း)ကောင်းသော၊ ဟန်ကျသောဟု အဓိပ္ပာယ်ဖွင့်သည်။ စာဆိုငွေတာရီက ကဗျာပါဇာတ်ဆောင်လုလင်ပျိုက သူ၏ချစ်သူကို "ညာအနိပ်" ဟု တင်စားသည်။ သူ့ခေတ်သူ့အခါက အာလုပ်ပြုစကားဟု မှတ်သားနိုင်သည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုတွင် "ဘုရားသွားကျောင်းတက်"ဆိုသောဓလေ့ရှိသည်။ ချစ်သူနှစ်ဦးဖြစ်စေ၊ လင်စုံမယားဖက်ဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ ကျောင်းကန်ဘုရားသွားလေ့ရှိသည်။ မြန်မာကျေးရွာများတွင်လည်း ရွာဦးရွာထိပ်တွင် ဘုရားစေတီများကို တည်ထားကိုးကွယ်လေ့ရှိသည်။ ထိုယဉ်ကျေးမှုဓလေ့ကို ပေါ်လွင်စေရန်-

"ညာအနိပ်ကယ်နှင့်

ရွာထိပ်ဆီစေတီနန်းကို

လှမ်းခဲ့နှစ်ကိုယ်"ဟူ၍ ဆက်လက်ရေးဖွဲ့ပါသည်။

သပြေနှင့်မြန်မာသည် ခွဲခြား၍မရပါ။ ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်ဆုံးရတနာဖြစ်သည့် ဗုဒ္ဓဘုရားရှင်ကို ရည်မှန်းပူဇော်ရာတွင် သပြေပန်းက ထိပ်ဆုံးမှပါဝင်သည်။ အခြားသောကိုးကွယ်ယုံကြည်မှုဆိုင်ရာများတွင်လည်း သပြေကအရေးပါသည်။ မြန်မာ့နှစ်ကူးသင်္ကြန်အကြိုကာလတွင် သင်္ကြန်ကြိုပန်းအိုး၌လည်း သပြေကမပါမဖြစ်။ အမှန်တကယ် သပြေသည် ပန်းမဟုတ်။ အရွက်အခက်သာဖြစ်သည်။ သို့သော် ပန်းအဖြစ်ယူဆလျက် သပြေပန်းဟူ၍သာ အစဉ်အဆက်ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်သာ။

> ❖ သပြေနှင့်မြန်မာသည် ခွဲခြား၍မရပါ။ ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်ဆုံးရတနာဖြစ်သည့် ဗုဒ္ဓဘုရားရှင်ကို ရည်မှန်းပူဇော်ရာတွင် သပြေပန်းက ထိပ်ဆုံးမှပါဝင်သည်။ အခြားသောကိုးကွယ်ယုံကြည်မှုဆိုင်ရာများတွင်လည်း သပြေကအရေးပါသည်။ မြန်မာ့နှစ်ကူး သင်္ကြန်အကြိုကာလတွင် သင်္ကြန်ကြိုပန်းအိုး၌လည်း သပြေက မပါမဖြစ်။ အမှန်တကယ် သပြေသည် ပန်းမဟုတ်။ အရွက်အခက်သာဖြစ်သည်။ သို့သော် ပန်းအဖြစ်ယူဆလျက် သပြေပန်းဟူ၍သာ အစဉ်အဆက် ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်သာ။ ❖

သပြေက အောင်အတိတ် အောင်နိမိတ်ကို ယူဆောင်လာသည်ဟူ၍လည်း ယူဆကြသည်။ အောင်ပန်းဟုဆိုကြပါစို့။ ထို့ကြောင့်ပင် မြန်မာနိုင်ငံဒေသအများစုတွင် သပြေပင်များကို စိုက်ပျိုးထားရှိလေ့ရှိကြသည်။ သဘာဝတောတောင်များတွင် ပေါက်ရောက်ပျံ့နှံ့မှုလည်းရှိသည်။ သပြေပင်မျိုးစိတ်များစွာရှိသည်။ ခေတ်မီနည်းပညာဖြင့် မျိုးစပ်စိုက်ပျိုးသော သပြေမျိုးသစ်များလည်း ပေါ်ထွက်လျက်ရှိသည်။ သပြေရွက်သပြေခက်များတွင် သင်းပျံ့သောရနံ့ရှိသည်။ အညွန့်ကညိုညို၊ အရွက်ကစိမ်းစိမ်း၊ အခက်ကဖြာဖြာဟုဆိုနိုင်သည်။

သပြေရွက်ကို ခြေမွ၍ရှူသော် အမူးအမော်ဝေဒနာ ပျောက်ကင်းသည်ဟူ၍လည်း သုံးစွဲလေ့ရှိသည်။ အထက်ပါ အချက်များကြောင့်ပင် ရွာရှိလျှင် သပြေရှိသည်ဟုဆိုနိုင်သည်။ ရွာထိပ်တွင်လည်းရှိတတ်သည်။ ရွာထဲတွင်လည်းစိုက်ထားတတ်သည်။ ရွာဘေး၊ ယာဘေး၊ လယ်ဘေးတွင်လည်း သပြေပင်ရှိတတ်သည်။ ရွာဦးကျောင်းတွင်လည်း သက်တမ်းရင့်သပြေပင်ကြီးများက အစီအရီ။ ချစ်သူနှစ်ဦး ဘုရားသွားရာတွင် လယ်ဘေးကသပြေခက်ကို လုလင်ပျိုကခူးယူလျက် လုံမပျိုက လှမ်းလင့်ယူသည်။ သပြေခက်ကစိုစို၊ သပြေရနံ့ကသင်းသင်း။ သပြေခူးကြ ယူကြပုံ မြင်ကွင်းက ကြည်နူးဖွယ်။ သည်အချက်များကို ကဗျာရှင်က တိုတိုရှင်းရှင်း ထိထိမိမိ လှလှပပ အောက်ပါအတိုင်း ဖွဲ့ဆိုလိုက်ပြန်သည်။

"လယ်ဘေးဆီ သည်တာရိုးငယ်က

ချိုးခဲ့တဲ့ သပြေညို

စိုစိုမို့ကြိုင်သင်း"

မောင်နှင့်မယ်တို့၏ ချစ်ခြင်းမေတ္တာကား ကမ္ဘာဦးလူတို့မှပင် ယနေ့တိုင်အောင် မရိုးနိုင်သောလူ့သဘာဝပင်ဖြစ်သည်။ အရွယ်ရောက်လာသော မောင်မယ်မှန်သမျှ ချစ်ခြင်းမေတ္တာနှင့် မကင်းလွတ်နိုင်ကြ။ မောင်က မယ်ကိုချစ်ခင်သလို မယ်ကလည်းမောင့်ကို မြတ်နိုးတွယ်တာသည်သာ။ လူမျိုး၊ နိုင်ငံ၊ ဘာသာစသော ကွဲပြားမှုအမျိုးမျိုးရှိနိုင်သော်လည်း လူငယ်တို့၏အချစ်ပုံပြင်များကတော့ တူညီကြလျက်ရှိသည်။ မြန်မာတို့၏ ချစ်ခြင်းမေတ္တာဆိုင်ရာ လူမှုဆက်ဆံရေးနယ်ပယ်တွင် သစ္စာရှိမှုက အလွန်အရေးပါသည်။ သစ္စာကိုအမှန်တရား၊ မှန်ကန်သောစကား၊ နိုင်ငံလူမျိုးစသည်ပေါ်တွင် ထားရှိသော စောင့်သိရိုသေမှုဟု အနက်ဖွင့်ထားသည်။ သစ္စာနှင့်စပ်လျဉ်း၍ သစ္စာထား၊ သစ္စာခံ၊ သစ္စာပျက်၊ သစ္စာရေ၊ သစ္စာဖောက်ဆိုသောစကားများလည်း အသုံးတွင်ကျယ်သည်။

မောင်မယ်သစ္စာထားကြပုံကို ခေတ်အဆက်ဆက်ရှိခဲ့ရာမှ မြန်မာ့သဘင်တွင် သစ္စာထားနှစ်ပါးသွားအကပေါ်ထွန်းလာခဲ့သည်။ မြူးမြူးကြွကြွ တေးသံသာများကပို့လျက် အနုအယဉ်၊ အခန့်အသန့် အကများကြောင့် လူကြိုက်များပါသည်။ ချစ်သူအတွက် သစ္စာထားပုံကို အများသိ ဆယ်ကမ္ဘာ ဘယ်ခါရွေ့စေတော့ဟူသော နိမိတ်ပုံကိုယူကာ မြတ်ဘုရားထံတိုင်တည်ပုံကို-

"ပစ်ဖူးဗျာ

ငယ်ချစ်ရယ် ပယ်မခွာဘု

ဆယ်ကမ္ဘာ သည်မောင်ချစ်မယ်တဲ့

ကြုံးလှစ်ကာ သစ္စာထူးနဲ့ရယ်

ဦးချဝပ်စင်း"ဟူ၍ အဆုံးသတ်ထားပါသည်။ ငွေတာရီ၏ လှပသောကဗျာများစွာထဲမှ အလှကဗျာတစ်ပုဒ်ဟုဆိုပါရစေ။

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လစလုံး မိုးရွာသည်။ လတိုင်းအတွက် မိုးနှင့်ဆိုင်ရာ သင်္ကေတလင်္ကာများလည်းရှိသည်။ တန်ခူးလတွင် နှစ်မဆန်းမီရွာသောမိုးကို မိုးနှောင်းဟုသတ်မှတ်ပြီး နှစ်ဆန်းပြီးရွာသောမိုးကိုသာ မိုးဦးဟုဆိုပါသည်။ ထွန်းရီ(ရွှေဟောင်းသုတေသီ) စုစည်းပြုစုသော ကဗျာ့ရိပ်မြုံစာပန်းရဂုံမိတ်ဆက်စာအုပ်၌ "ဖက်ဆွတ်ပန်းနှင့် ဖက်ဆွတ်မိုး"အမည်ရှိ ဆောင်းပါးတစ်ပုဒ်တွင် "ဖက်ဆွတ်"ကို ကုန်းမြင့်ပိုင်းတွင် ပေါက်လေ့ရှိ၍ ရနံ့မွှေးသောပန်းအခိုင်များပွင့်သည့် ပင်စောက်တစ်မျိုးဟုဖွင့်ဆိုထားပြီး "ဖက်ဆွတ်မိုး"ကို တပေါင်းလအကုန် တန်ခူးလဆန်းတွင်သစ်ရွက်များကို ကြွေစေသောမိုးဟု ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဖက်ဆွတ်ပန်းမှာ ဖက်ဆွတ်ပင်မှ ပွင့်သောပန်းဖြစ်သော်လည်း ဖက်ဆွတ်မိုးမှာမူ ဖက်ဆွတ်ပင်နှင့်သက်ဆိုင်မှုမရှိဟု ဆိုနိုင်ပါသည်ဟု ဖတ်ရှုရသည်။

မုံရွေးဆရာတော်၏ မိုး ၁၂ မျိုးလင်္ကာတွင် "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"ဟု တွေ့ရသည်။ အဲချင်းဖွဲ့ဆိုရာတွင် နာမည်ရအမျိုးသမီးစာဆိုမယ်ခွေ၏တန်ခူးလဘွဲ့တွင် "ရဂုံမြိုင်ပြား(တော၏အမည်တစ်ခု)၊ တောတလွှားလည်း၊ ငှက်ခါးတောင်လို၊ ပူအောင်မယ့်ကို၊ မိုးကြီးတစ်လှည့် လေတစ်လှည့်နှင့်၊ တစ်ဆယ့်ခြောက်တိုင်း၊ မပြတ်ကယ်လှိုင်းလို့၊ မှိုင်းမှိုင်းငယ်ညိုသည်"ဟု ဖွဲ့ဆိုခဲ့ပါသည်။

ဒဂုန်ဦးစန်းငွေ၏ ဖက်ဆွတ်မိုးကို စကားလုံးတစ်လုံးစီအလိုက် ဖွင့်ဆိုပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဖက် - သနပ်ဖက်၊ အင်ဖက်၊ ပြောင်းဖူးဖက်၊ ငှက်ပျောဖက် စသောဖက်အမျိုးမျိုး။

ဆွတ် - ခူးသည်၊ ကြွေအောင်ပြုသည်၊ ခြွေသည်၊ ဆွတ်ခူးသည်၊ ခူးဆွတ်သည်၊ ဆွတ်ချူသည်။

မိုး - ရွာသွန်းသောမိုး။

ဖက်ဆွတ်မိုးသည် ဖက်ကိုဆွတ်ခြွေပစ်သောမိုး၊ မြေထက်သို့ကြွေသက်၍ ကျနေသောဖက်ရွက်ခြောက်များကို ရေလုံးဖြင့်ရိုက်ခတ်ခြွေဆွတ်၍ ရေထဲမျောလိုက်သောမိုးဟု ဖွင့်ဆိုထားရာ မှတ်သားဖွယ်ကောင်းလှပါသည်။

အထက်ပါ နှစ်ဦးသစ္စာ ကဗျာအလှနှင့် နှစ်ကူးကာလရွာသွန်းသောမိုး စကားပြေနှစ်ပုဒ်မှာ နွေရာသီ၏ သဘာဝနှင့် ယဉ်ကျေးမှုအလှကို ဖော်ကျူးထားပါသည်။ ကိုယ်ပိုင်ရိုးရာဓလေ့နှင့် စိတ်နေစိတ်ထားကို ပေါ်လွင်သော ကဗျာတစ်ပုဒ်ဟုလည်း ခံစားနိုင်ပါသည်။ ဆယ့်နှစ်လရာသီမိုးများထဲမှ အစအဦးတန်ခူးလ၏ မိုးအလှကိုလည်း မြင်ယောင်လာစေပါသည်။ မြန်မာကဗျာအလှနှင့် စာအလှတို့ကား၊ ခံစား၍မကုန်၊ ဖတ်ရှု၍မခန်း ဆိုရမလောက်အောင်ပင် ကြွယ်ဝလျက်ရှိနေပါတော့သတည်း။

**ကိုးကား**

**၁။ ငွေတာရီကဗျာပေါင်းချုပ်**

**၂။ ကဗျာ့ရိပ်မြုံစာပန်းရဂုံ-ထွန်းရီ(ရွှေဟောင်းသုတေသီ)**

---

# ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ မေ ၂၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒရယ်ကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်နိုင်ရေး မြေပြင်အခြေအနေ၊ အနိမ့်အမြင့်တိုင်းတာခြင်းလုပ်ငန်းများနှင့် မြေနေရာရရှိမှုအခြေအနေများကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ဦးစီးအရာရှိ(နည်းပညာ) ဦးကျော်ဇောအောင်၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဒရယ်ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကုန်ထုတ်တံတားဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်တံတား တည်ဆောက်နိုင်ရေး မြေနေရာရရှိမှုမှာ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ၊ မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် တံတားအမျိုးအစားဖြစ်ရေးနှင့် လက်ရှိကုန်ထုတ်လမ်းအသုံးပြုမှု အခြေအနေကို ကွင်းဆင်းစစ်ဆေး တိုင်းတာခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်တံတား တည်ဆောက်ပြီးစီးပါက ဒရယ်ကျေးရွာအုပ်စုအတွင်းရှိ လယ်ဧကပေါင်း ၃၄၄၅ ဧကမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ရာသီမရွေး ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့နိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# ဂန္ထဝင်တေးသံရှင်ကြီး စည်သူ ဒေါ်တင်တင်မြ၏ အသက် ၈၈ နှစ်ပြည့်မွေးနေ့အလှူ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်တွင် ကျင်းပပြုလုပ်



**ရန်ကုန် မေ ၂၆**

ဂန္ထဝင်တေးသံရှင်ကြီး စည်သူ ဒေါ်တင်တင်မြ၏ အသက် ၈၈ နှစ်ပြည့် မွေးနေ့အလှူကို မေ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ဂန္ထဝင်တေးသံရှင် စည်သူဒေါ်တင်တင်မြက အသက် ၈၈ နှစ်ပြည့် မွေးနေ့အလှူအဖြစ် ရွှေတိဂုံစေတီတော်အတွက် ငွေကျပ် ၁၀ သိန်း၊ ဓမ္မဝိဟာရဝိမဟာရတိကျောင်းတိုက်အတွက် ငွေကျပ် ငါးသိန်း၊ လှည်းကူး မဟာ ဝိဟာရကျောင်းအတွက် ငွေကျပ် ကိုးသိန်း၊ အဆိုပါကျောင်း အုတ်တံတိုင်း ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၆ သိန်း၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းကပ်ရန် ငွေကျပ်သိန်း ၃၀၊ ဇေတဝန်သင်္ကန်း ငါးစုံအတွက် ငွေကျပ် လေးသိန်း၊ ပင့်သံဃာတော် ငါးပါးအတွက် ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

"မနှစ်က အန်တီမြရဲ့မွေးနေ့မှာ ဂီတသက်တမ်း ၇၅ နှစ်ပြည့်တာကော၊ အန်တီမြရဲ့မွေးနေ့လဲ ကျရောက်တာမို့ ကြီးကြီးကျယ်ကျယ် အလှူလုပ်ပြီးပြီ။ ဒီနှစ်ကတော့ ဘုန်းဘုန်းတွေရဲ့ ကျောင်းမှာ သာသနာရေး ဆောင်ရွက်နိုင်ဖို့ လှူဖြစ်တာပါ။ အနုပညာကြောင့် အန်တီမြ အခုထိ အသက်ရှည်နေတာပါ။ အန်တီမြအနေနဲ့ မွေးနေ့မှာ အလှူအတန်းလုပ်ရင်း ဖြတ်သန်းရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ဂန္ထဝင်တေးသံရှင်ကြီးစည်သူဒေါ်တင်တင်မြက ပြောပြသည်။ ASH

# ကိတ်ဘက်ကင်ဆေး၊ စကော့အိဝုဒ်၊ ဂျိမ်းကရွမ်းဝဲတို့ Stolen Girl ဒရာမာဇာတ်ကား၌ ပါဝင်မည်

**နယူးယောက် မေ ၂၆**

Stolen Girl အမည်ရှိ ဒရာမာဇာတ်ကားသစ်တွင် မင်းသမီး ကိတ်ဘက်ကင်ဆေး၊ မင်းသား စကော့အိဝုဒ်နှင့် ဂျိမ်းကရွမ်းဝဲတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် ပြန်ပေးဆွဲခံထားရသည့် ကလေးဖြစ်သူကို ရှာဖွေရန်ကြိုးစားခဲ့သော မော်ရင်းဒက်ဘက်အမည်ရှိ အမေရိကန်အမျိုးသမီးတစ်ဦး၏ ဘဝဖြစ်ရပ်မှန်ကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Stolen Girl ဇာတ်ကားကို ဗြိတိသျှဒါရိုက်တာ ဂျိမ်းကန့်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ ရီဘက်ကာပေါလက်က တာဝန်ယူရေးသားပေးထားသည်။

Stolen Girl ဇာတ်ကား ရိုက်ကူး ထုတ်လုပ်မှုလုပ်ငန်းကို မကြာမီကာလအတွင်း အီတလီနိုင်ငံ၌ စတင်ရန်ထုတ်လုပ်သူများက စီစဉ်ထားသည်။

Stolen Girl ဇာတ်ကားကို ရိုက်ကူးရေးအတွက် ရိုက်ကူး ထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၂၅ သန်းထိ သုံးစွဲရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ကျောက်တံတားမြို့နယ်ရှိ Shwe Khit Oo Art Gallery ၌ Summer Glory Painting Exhibition ပန်းချီပြပွဲပြသ

**ရန်ကုန် မေ ၂၆**


ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Shwe Khit Oo Art Gallery ၌ Summer Glory Painting Exhibition ပန်းချီပြပွဲကို ယနေ့မှစ၍ ပြသလျက်ရှိကြောင်း အဆိုပါ Summer Glory Painting Exhibition တွင်ပါဝင်ပြသသည့် ပန်းချီ ကိုမောင်ဝင်းလှက ပြောပြ၍ သိရသည်။

အဆိုပါ Summer Glory Painting Exhibition ပန်းချီပြပွဲတွင် ပန်းချီ ကိုမောင်ဝင်းလှ၊ လှမြင့်၊ စိုးနိုင်စိုး၊ မိုးမြင့် UKP၊ ဝေလှ၊ ငွေအောင်စိန်၊ ကံကောင်း၊ မိုးလွင်၊ တင်ဝင်း၊ ညွန့်နိုင်လှ၊ သိန်းဝင်း၊ ဝင်းမောင်ရွှေ၊ ချစ်နှင်းအိမ်၊ သန်းထိုက်စိုး၊ ကိုဦး၊ ဘိုသိုက်ဦး၊ မိုးထက်အောင်၊ ကျော်ဇေယျ၊ ဟိန်းထက်အောင်၊ ထွန်းအောင်၊ မင်းမောင်မောင်ရွှေ၊ လှိုင်ဝမ်း၊ ထွန်းထွန်းဦး၊ ကျော်စွာလင်း၊ ပန်းဈာန်၊ ဇော်ဝင်းထွန်း၊ မဇော်၊ ခင်ယွန်းစံ၊ ဝင်းဝင်းမာ၊ ခင်ခင်စိုး၊ သီဇီ၊ ဇင်ဝေဝေ၊ မွန်မွန်ကျော်၊ မြတ်ရတီနွယ်၊ တူးတူး၊ သန်းသန်းမျိုး၊ စန္ဒာဝင်း၊ ယင်းမာလှိုင်၊ သွယ်နှင်းဖြူ၊ သွယ်သွယ်ဝင်း၊ နှင်းထက်ထက်ခွေ၊ ဥမ္မာကျော်နှင့် စုရတီတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ လက်ရာစုံ ပန်းချီကား ၁၅၀ ကျော်ကို ပြသရောင်းချပေးနေကြောင်း သိရသည်။

"Shwe Khit Oo Art Gallery ရဲ့ Studio Paradise တည်ထောင်ခြင်း နှစ်နှစ်ပြည့်အမှတ်တရ ပန်းချီပြပွဲဖြစ်ပါတယ်။ ပန်းချီလောကမှာ ထင်ရှားတဲ့ဆရာ၊ ဆရာမတွေရဲ့ အကြောင်းအရာစုံ တွေးချက်၊ ရေးချက်တွေကို အရွယ်အစားပေါင်းစုံနဲ့ မြင်ရမှာဖြစ်ပါတယ်။ ပန်းချီပြပွဲကိုတော့ ဒီနေ့ကနေ မေ ၂၈ ရက်ထိ ပြသပေးမှာဖြစ်ပါတယ်"ဟု ပန်းချီ ကိုမောင်ဝင်းလှက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၃၅ သိန်းထိရှိကြောင်း သိရသည်။ ASH




# Weapons ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ဂျူလီယာဂါနာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၂၆**

New Line Cinemas ရုပ်ရှင်ကုမ္ပဏီ၏ Weapons အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားတွင် မင်းသမီး ဂျူလီယာဂါနာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၅ ရက် သတင်းများအရ သိရသည်။

Weapons ဇာတ်ကားတွင် ဂျူလီယာဂါနာသည် မင်းသား ဂျို့ဘရိုလင်းနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို Barbarian ဒါရိုက်တာ ဇက်ခရက်ဂျားက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Weapons ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဇက်ခရက်ဂျားကပင် တာဝန်ယူရေးသားမည်ဖြစ်သည်။

အဆိုပါဇာတ်ကား ရိုက်ကူးမည့်အချိန်ကို New Line Cinemas ရုပ်ရှင်ကုမ္ပဏီက မကြာမီကာလအတွင်း ကြေညာဖွယ်ရှိကြောင်း သိရသည်။

Weapons ဇာတ်ကားကို မူလက ၂၀၂၃ ခုနှစ်တွင် ရိုက်ကူးရန် စီစဉ်ထားသော်လည်း ဟောလိဝုဒ်ရုပ်ရှင်လောကသားများ၏ သပိတ်ကြောင့် အစီအစဉ်ပျက်ခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ဇွန် ၂၇ ရက်တွင်ကျရောက်မည့် မြန်မာ့ဂီတနေ့အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်သွားမည်

**ရန်ကုန် မေ ၂၆**

ဇွန် ၂၇ ရက်တွင် ကျရောက်မည့် မြန်မာ့ဂီတနေ့အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေရေး အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ပြန်ကြားရေးဌာနက တွဲဖက်ပြန်ကြားရေးမှူး အကော်ဒီယံ ဦးအောင်မင်းနိုင်က ပြောပြ၍ သိရသည်။

ယခင်နှစ်က မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေရေးအစီအစဉ်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်တိုင်းဒေသကြီး)တွင် ပြုလုပ်ခဲ့ပြီး အဆိုပါအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

"အခုနှစ်ကတော့ မြန်မာ့ဂီတနေ့ အထိမ်းအမှတ် အခမ်းအနားတွေကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှာလဲကျင်းပမယ်။ အခုကတည်းက စီမံချက်တွေ ဆွဲပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အလိုက် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ သူ့အစီအစဉ်နဲ့သူ ဇွန် ၁ ရက်ကတည်းက စတင်ကျင်းပကြမှာပါ။ ဂီတဖျော်ဖြေပွဲလဲလုပ်မယ်။ မနှစ်ကလိုပဲ MRTV ကနေ ထုတ်လွှင့်မှာပါ"ဟု ဦးအောင်မင်းနိုင်က ပြောပြသည်။

၁၉၃၆ ခုနှစ် ဇွန် ၂၇ ရက်တွင် တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် သတ်မှတ်ခဲ့သည့်အတွက် အဆိုပါနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာ့ဂီတနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကာ မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၃ ခုနှစ်မှစတင်ကာ နှစ်စဉ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing gives advice to outstanding students for 2023-24 AY



Senior General Min Aung Hlaing presents commemorative flag to outstanding students.

**Nay Pyi Taw April 26**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing gave advice to outstanding students for 2023-24 academic year at a meeting at the Myanmar International Convention Centre-II in Nay Pyi Taw this morning.

Also present at the ceremony were SAC Joint Secretary Lt-Gen Ye Win Oo, council members General Mya Tun Oo, Admiral Tin Aung San, U Wunna Maung Lwin, Porel Aung Thein, Mahn Nyein Maung, Dr Hmu Thang, Dr Ba Shwe, Khun San Lwin, U Shwe Kyein and U Yan Kyaw, union miniters and union-level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Council Chairman, the commander of Nay Pyi Taw Command, deputy ministers, officials from the Ministry of Education, teachers from basic education schools, outstanding students for 2023-24 academic year, youth scouts, red cross members, maritime youth trainees and aviation youth trainees.

The Senior General and outstanding students pressed the button to launch the programme "the glitter time of stars" and saluted the State flag by singing the national anthem in chorus.

The second part of the ceremony followed. The Senior General and outstanding students watched the video clip "outstanding students reliable for the future State" and song "the outstanding students for the life" presented by artistes from the Fine Arts Department under the Ministry of Religious Affairs and Culture.

In his speech, the Senior General said that those outstanding students are strength of the nation as well as important human resources for the nation-building tasks. Capacity of those youths is of great importance for development of the future State and for serving the State duties to keep abreast of other countries. Hence, youths have to learn education in all ways for having capacity in all aspects.

The government is enhancing the youth sector for havin five kinds of strengths in order to participate in the development undertakings of the State as a main force.

It is necessary to properly teach new generation youths to have access to the developing world with advancement of technologies. Youths must be nurtured for forging exploration, innovation, creation, rational consideration, patriotic spirit and national spirit. Meanwhile, those youths must be trained to follow the laws and take social responsibilities with prestige.

All youths including outstanding students have to try hard to be outstanding and sharpening in all aspects in line with the visions of learning education with skillfulness in literature. Only when they have to learn education to preserve cultural heritages, safeguard sovereignty of the State, benefit the society, join the society with good moral and characters and become good citizens of the nation and the world will they build a peaceful society.

In looking back the history, outstanding students were turned out from 1964 to 1988 with holding the celebration of the 25th silver jubilee outstanding student project. It was temporarily halted, and in 2013, the overall outstanding student project was initiated. Again, the outstanding student project resumed in 2018. But, the project was suspended in 2019-2020 academic year due to outbreak of COVID-19. From 2022-23 AY, the project resumed and now, outstanding students have been turned out in regions and states in 2023-24 AY.

In 2023-24 AY, 140 Gtade-9 students, 140 Grade-10 students, 137 Grade-11 students and 137 Grade -12 students, totalling 554 were turned out as outstanding students. This academic year, Grade-12 students were chosen as outstanding students due to KG+12 scheme.

In selecting the outstanding students, it is necessary to assess learning subjects as well as health and fitness, morale, discipline, education, and morality of those students. The Senior General took pride for those students in passing the many tests at school, township and district levels for turning out the outstanding students.

It is scheduled for grade-9 outstanding students to make excursions at ancient cultural heritage zone Bagan, grade-10 students in Taunggyi of Shan State, grade-11 students in Ngwehsaung beach of Ayeyawady Region and grade-12 students at Chaungtha beach respectively. See Page 13



Senior General Min Aung Hlaing visits a commemorative booth on display.



Senior General Min Aung Hlaing views products on display.



Senior General Min Aung Hlaing hears presentation by an outstanding student.



Outstanding students watch performances.

*From Page 12*

It aims to forge fraternity among the outstanding students, exchange knowledge, accumulate regional knowledge from the camps, understand traditional traditions and adore the State and national.

It is necessary for youths, who have exerted efforts to become outstanding ones through physical and intellectual prowess, to continue to do so. Continued efforts must be made to be valuable youths, who are instilled with good practices of preserving the society and environment in which they live. Youths are urged to continue to make efforts to be model youths, who try for themselves, their society and their country to be good, in accordance with the pledge of school councils that "I will try to improve myself," "I will try to improve my class," I will try to improve my school" and I will try to improve my country."

The aim of nurturing youths who are moral, honest, active and ready to help others and to co-exist peacefully to become citizens instilled with human resources or to be outstanding youths is to enable them to build a better society.

To stand out as a peaceful, prosperous, modern and developed country through a better society, equitable development in various sectors including the economic, social, education and health sectors is essential. Among them, education is important because it is fundamental. Everyone has to go to school from childhood and try to acquire knowledge and wisdom for the future. It is impossible to improve oneself, one's life, one's family, one's surrounding and one's country and nationals without a sound education foundation. Therefore, it is very important to enable youths to go to school at their school ages in the basic education sector and to complete their education. Responsible officials, parents and teachers are urged to make concerted efforts to prevent youths from dropping out of schools untimely due to various reasons and becoming ill-educated ones without schooling.

During the meeting with outstanding youths, students are urged to maintain their understanding about lessons taught in previous years when they move up to another grade at the end of the academic year. Only when understanding about lessons and knowledge gained in respective academic years are not forgotten and kept in the brain, can progress be made in acquiring wisdom and knowledge. Otherwise, students will move up their grades and get old without appropriate knowledge, ideologies and concepts and parents and teachers are urged to fulfill their needs in cooperation.

Relevant ministries have cooperated for outstanding youths' pleasant accommodation, food, health, study tours, water and electricity supply, sanitation, safety and convenience along the study trips.

Outstanding youths are urged to travel to relevant assembly and destination camps in line with disciplines, to represent the reputations of one's schools, townships, regions/states, to study regional knowledge at destination camps, to stay in unity by sharing knowledge and to behave properly in accordance with disciplines under the supervision of teachers. It is reiterated that only then, will the objectives of implementing outstanding youth projects be accomplished. Youths are especially urged to take care of one's health during the trips and serve the interests of the country after returning home.

Then, the Senior General presented commemorative flags for respective camps to outstanding youths for 2024, who presented commemorative gifts to the Senior General.

Afterward, triple outstanding youth award winner Maung Aung Kaung Pyae from Practising High School in Kamayut Township in Yangon Region spoke words of thanks on behalf of outstanding youth for 2023-2024 academic year.

Then, performing artists from the Fine Arts Department of the Ministry of Religious Affairs and Culture entertained the attendees with "the Birth of Resources for the Age of Light" and artists from the Fine Arts Department and Myanmar Radio and Television of the Ministry of Information, outstanding youths, members of scouts and the Red Cross Society, marine and aviation youths entertained the attendees with "Capabilities of Youths."

Afterward, the Senior General and attendees posed for documentary photographs with outstanding youths.

After the ceremony, the Senior General cordially greeted outstanding youths.

Then, the Senior General and party, attendees and outstanding youths attentively viewed the exhibition booths displayed at the ceremony.

Afterward, the Senior General and party enjoyed lunch together with outstanding youths for 2023-2024 academic year and members of scouts, the Red Cross Society and marine and aviation youths. 100



Outstanding students study commemorative booths on display.



Outstanding students study a commemorative booth on display.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Terrorism supporters of KNU, NMSP AD (Mon breakaway group) and PDF terrorists who took positions in Kawbein, Dhammathat and surrounding villages crushed, ongoing mine clearing operations and rehabilitation carried out


The map illustrates the path where the terrorists set fire to buildings while retreating.

**Nay Pyi Taw April 26**

Beginning 24 March, a large number of terrorism supporters of KNU, NMSP AD (Mon breakaway group) and PDF terrorists attacked departmental buildings, police stations and committed terrorist acts in Kawbein village, Kawkareik Township, Kayin State, and Dhammathat village in Kyaikmaraw Township, Mon State, and their surrounding villages. Local security forces and police members of police stations gathered strength and defended the places. But they had to temporarily leave Kawbein village on 25 March and Dhammathat village on 27 March and regrouped at Yadana village.

Due to the terrorist acts of the terrorist groups, local villagers had to flee their homes with apprehension. In order to enable them to return home, Tatmadaw columns launched Counterterrorism Operations in the surrounding areas of Kawbeing, Dhammathat and surrounding villages on 11 April gaining group stage by stage. The columns engaged with terrorists seven times and seized some enemy bodies and arms, ammunition and accessories. Some soldiers were wounded, but the columns were able to recontrol Dhammathat village on 22 April and Kawbein village on 25 April. During their occupation of the Kawbein and Dhammathat villages and surrounding ones, the terrorists took cover in religious buildings, schools, departmental buildings and homes and fired at Tatmadaw columns. They also plant mines around the public roads between monasteries and homes, using local people as human shield in the battles. But the security forces responded in accord with rules of engagement (ROE).

As the security forces advanced and crushed the enemy in systematic group formations, terrorists had to flee in disarray. But the terrorists torched or blew up homes, departmental buildings and police stations along their retreating route.

Due to the terrorist acts of terrorism supporters of KNU, NMSP AD (Mon breakaway group) and PDF terrorists, many buildings in the area were destroyed. Security forces conducted mine clearing operations area wise and road wise for the safety of locals.

Mon State and Kayin State governments are preparing to conduct rehabilitation tasks together with the locals in Kawbein, Dhammathat and surrounding villages for ensuring homes for the displaced persons soonest. As peace stability has returned to the villages locals are returning to their homes.

100


Photo shows the guns confiscated.


Photo shows the guns confiscated.

## Economic Watch: U.S. economy slows as inflation still remains high

**Washington April 26**

The growth of U.S. gross domestic product (GDP) slowed significantly in the first quarter amid stubborn inflation that shows no sign of abating.

The economy slowed more than analysts expected in the year's first quarter with decelerations in consumer spending, exports, and government spending.

GDP, the measure of all goods and services produced in the country, grew 1.6 percent in the first quarter from the same period a year ago, according to data released by the Commerce Department on Thursday.

That figure marks a sharp drop from 3.4 percent in the fourth quarter of last year, and amounts to the lowest GDP in two years.

While growth slows down, inflation has increased, with personal consumption expenditures (PCE) price index growing 3.4 percent in the first quarter, according to data released on Thursday.

That marks a significant uptick from the 1.8 percent rise in last year's final quarter.

The United States is experiencing the worst inflation in 40 years, which has put a strain on the wallets of lower-earning individuals and those living on a fixed income.

While the government had early on tagged inflation as "transitory," a growing chorus of economists, observers and ordinary Americans believe that high inflation will remain for at least the next couple of years.

Inflation and the high interest rates that come along with it have made it more difficult for people to own homes, save and invest.

Xinhua

## Interview: ASEAN people oppose U.S. destabilization of South China Sea, says Malaysian expert

**Kuala Lumpur April 26**

The recent escalation of tensions in the South China Sea is caused by repeated instigation by the United States, Koh King Kee, president of the Centre for New Inclusive Asia, a non-governmental Malaysian think tank, has recently said.

Countries of the Association of Southeast Asian Nations (ASEAN) prefer to resolve disputes through negotiation and do not support taking confrontational actions on the South China Sea issue, Koh emphasized in a recent interview with Xinhua.

The people of ASEAN countries oppose U.S. actions that undermine regional stability, he added.

As the United States views China as its main strategic competitor for the coming decades, it has become a global strategic goal for the United States to shape an unfavorable strategic environment around China to gain geopolitical benefits, Koh said.

The United States is attempting to encircle China by strengthening relationships with its regional allies, said the expert, adding that the approach taken by the current Philippine government in handling the South China Sea issue aligns well with the U.S. strategy to contain China.

Currently, the Philippines and the United States are conducting a 19-day joint military exercise named "Balikatan 2024," some activities of which appear to be provocative, said Koh.

The United States has deployed its new Typhon mid-range ground-based missile launcher in Luzon, the Philippines, marking the first time such a missile system is deployed by the United States in Southeast Asia and posing a serious threat to the security of the region, Koh stressed. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းတပ်များကို ယခုသီတင်းပတ်တွင် လက်နက်တပ်ဆင်ပေးမှု ပြန်လည်စတင်မည်ဟု အမေရိကန်သမ္မတ ကတိပြု



ရုရှားကိုတုံ့ပြန်တိုက်ခိုက်ရန် ယူကရိန်းပဋိပက္ခအတွက် ငွေကြေးပံ့ပိုးပေးနိုင်ရေး ကာလကြာရှည်နှောင့်နှေးခဲ့ရသောဥပဒေတစ်ရပ်ကို အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က လက်မှတ်ရေးထိုးပြီးသည်နှင့်ပင်တဂွန်စစ်ဌာနချုပ်က ယူကရိန်းထံ အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများ ယခုသီတင်းပတ်တွင် တပ်ဆင်ပေးမှု ပြန်လည်စတင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဧပြီ ၂၃ ရက် တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံအပါအဝင် နိုင်ငံရပ်ခြားအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၉၅ ဘီလီယံကို ဧပြီ ၂၃ ရက် ညနေပိုင်းက အထက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာ ၇၉-၁၈ မဲဖြင့် ဆီးနိတ်လွှတ်တော်အမတ်များက တစ်ခဲနက်ထောက်ခံမဲပေးခဲ့ကြပြီးနောက် အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

"ဒီဥပဒေကြမ်းကို ဥပဒေအဖြစ်လက်မှတ်ရေးထိုးပြီးတာနဲ့ အခုသီတင်းပတ်အတွင်းမှာ ယူကရိန်းကို စစ်လက်နက်၊ ပစ္စည်းကိရိယာတွေ စတင်ပေးပို့နိုင်မှာပါ" ဟု အထက်လွှတ်တော်၏ မဲခွဲဆုံးဖြတ်မှုများအပြီး ဘိုင်ဒင်က ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

ထောက်ပံ့ရေးအစီအစဉ်အသစ်တွင် လေကြောင်းရန်ကာကွယ်ရေးခဲယမ်းများနှင့် အမြောက်ကျည်များအပြင် သံချပ်ကာယာဉ်များနှင့် အခြားလက်နက်များ ပါဝင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံအရာရှိများက ဧပြီ ၂၃ ရက်တွင်ပြောကြားခဲ့သည်။ အမည်မဖော်လိုသည့် သတင်းရင်းမြစ်များ၏အဆိုအရ စာရင်းပါပစ္စည်းအချို့ကို ရက်ပိုင်းအတွင်း တင်ပို့နိုင်မည်ဖြစ်သော်လည်း အခြားပစ္စည်းများကို ပို့ဆောင်ရန် အချိန်ကြန့်ကြာနိုင်သည်။

ပင်တဂွန်စစ်ဌာနချုပ်သည် အကူအညီပေးရေး စစ်လက်နက်ပစ္စည်းများကို တင်ပို့ပေးရန် အဆင်သင့်ဖြစ်နေပြီဟူသော သတင်းအပေါ် အတည်ပြုခြင်း၊ ငြင်းဆိုထားခြင်းမရှိသော်လည်း အမေရိကန်စစ်ဘက်သည် အမြန်ပို့ဆောင်ပေးနိုင်ရန် တတ်နိုင်သမျှ လုပ်ဆောင်နေသည်ဟု ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် Pat Ryder က သတင်းထောက်များကို ဧပြီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်အပြင် အမြောက်များ၊ ခဲယမ်းများပါဝင်လာမည်ဟု ကျွန်တော်ထင်သည်။ တစ်နည်းအားဖြင့် ယခုလုံခြုံရေးအကူအညီပက်ကေ့ချ်သည် ယူကရိန်းနိုင်ငံ၏ အရေးကြီးဆုံးလိုအပ်ချက်များအပေါ် အခြေခံပံ့ပိုး ပေးပါလိမ့်မည်ဟု Ryder က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ယူကရိန်းသမ္မတ ဇီလန်စကီးကို ဧပြီ ၂၂ ရက် ဖုန်းခေါ်ဆိုမှုတွင် ဥပဒေကိုလက်မှတ်ရေးထိုးပြီးပါက လက်နက်တင်ပို့ရောင်းချမှုများ လျင်မြန်စွာ စတင်မည်ဖြစ်ကြောင်း အာမခံချက်ပေးထားသည်။ အိမ်ဖြူတော်က သမ္မတနှစ်ဦးကြား ဖုန်းခေါ်ဆိုမှုနှင့်ပတ် သက်၍ အသေးစိတ်အချက်အလက်အနည်းငယ်ကိုသာ ပြောကြားခဲ့သော်လည်း ယူကရိန်းခေါင်းဆောင်က ယူကရိန်းအနေဖြင့် တာဝေးပစ် ATACMS ဒုံးကျည်များကို လက်ခံရရှိလိမ့်မည်ဟု အခိုင်အမာပြောကြားခဲ့သည်။

လွန်ခဲ့သည့်လများအတွင်း အိမ်ဖြူတော်မှ အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာတန် အမေရိကန်၏ အကူအညီပေးရေးအစီအစဉ်ကို စဉ်ဆက်မပြတ်တောင်းဆိုခဲ့ရာလွှတ်တော်ဥက္ကဋ္ဌ Mike Johnson က သဘောတူခဲ့ပြီးနောက် ဧပြီ ၂၀ ရက်တွင် အောက်လွှတ်တော်က အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုင်ဂူးက ယူကရိန်းအတွက် အမေရိကန်၏မျှော်လင့်ထားသည့် စစ်ရေးအကူအညီသည် ယူကရိန်းတပ်ဖွဲ့များ ဖရိုဖရဲဆုတ်ခွာနေရမှုကိုသက်သာစေရန် ရည်ရွယ်ထားသော်လည်း ရန်ပုံငွေအများစုသည် အမေရိကန် စစ်ဘက်စက်မှုလုပ်ငန်းများသို့ ရောက်ရှိသွားမည်ဖြစ်ပြီး စစ်မြေပြင်တွင် သိသိသာသာ သက်ရောက်မှုရှိလိမ့်မည်မဟုတ်ကြောင်း ဧပြီ ၂၃ ရက်၌ မှတ်ချက်ပြုခဲ့သည်။

ရုရှားနှင့် ပဋိပက္ခအတွင်း ယူကရိန်းနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားကာ ၎င်းတို့၏အသက်အန္တရာယ်ကို စိုးရိမ်၍ ပေးအပ်ခြင်းဖြစ်သည်ဟု ၎င်းတို့၏အကျိုးစီးပွားအတွက် အမေရိကန် အာဏာပိုင်များက လိမ်ညာပြောဆိုခဲ့ကြောင်း၊ ရုရှားကိုတိုက်ခိုက်ရန် အမေရိကန်က ယူကရိန်းကို ပံ့ပိုးနေခြင်းထက် ရုရှားကိုတိုက်ရိုက်တိုက်ခိုက်ခြင်းက အမေရိကန်အတွက် ပိုကောင်းသည်ဟု ရှွိုင်ဂူးက ပြောကြားခဲ့သည်။

**Biden vows to resume arming Ukraine 'this week' ကို ဘာသာပြန်ဆိုထားပါသည်။**

## နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းအားများ အဆင့်မြှင့်တင်လုပ်ဆောင်မည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး ပြောကြား

ရုရှားနိုင်ငံသည် ယခုနှစ် နှောင်းပိုင်းတွင် အဆင့်မြှင့်တင်ထားသောလေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ အဆင့်မြှင့်တင်ပြီးနောက် ဖြန့်ကြက်ခြင်းဖြင့် ၎င်း၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းအားများကို ပိုမိုအားဖြည့် ပေးသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုင်ဂူးက ကြေညာခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဧပြီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ဧပြီ ၂၂ ရက်တွင် ရုရှားထိပ်တန်းစစ်ဘက်ရေးရာတာဝန်ရှိသူများနှင့် တွေ့ဆုံမိန့်ခွန်းပြောကြားစဉ် ဝန်ကြီးက မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။ ရုရှားအတွက် လေကြောင်းရန် ကာကွယ်ရေးနှင့်ဒုံးကျည်ပစ်လွှတ်နိုင်စွမ်းများအဆင့်မြှင့်တင်ရေးသည် ဦးစားပေးကိစ္စဖြစ်သည်ဟု ရှွိုင်ဂူးက ပြောကြားခဲ့သည်။

ဒုံး၊ အမြောက်ဒွန်တွဲစနစ်၊ တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ် Pantsir စနစ်များ လွှဲပြောင်းပေးပို့မှုကို ယခုနှစ်တွင် နှစ်ဆခန့်တိုးထုတ်လုပ်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ ယူကရိန်းနှင့်ပဋိပက္ခတွင် Pantsir စနစ်သည် ထူးခြားစွာအစွမ်းပြလုပ်ဆောင်နိုင်ခဲ့သည်ဟု ၎င်းကမှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့ဝင်များသည် လေကြောင်းနှင့်မဟာဗျူဟာမြောက် ဒုံးကျည်ကာကွယ်ရေးစနစ်အတွက် အထူးသီးသန့်ထုတ်လုပ်ထားသောအဆင့်မြင့် S-500 စနစ်များ၏ ပထမဆုံးအသုတ် လက်ခံရရှိနိုင်တော့မည်ဖြစ်သည်ဟု ရှွိုင်ဂူးက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်သစ်အကြောင်း လူသိနည်းသေးသော်လည်း S-500 လက်နက်စနစ်သည် ဟိုက်ပါဆောနစ်ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်ပြီး အသုံးပြုထားသည့် ခဲယမ်းများပေါ်မူတည်၍ ကမ္ဘာမြေပတ်လမ်းအနိမ့်ပိုင်းရှိ ပစ်မှတ်များကိုလည်း တိုက်ခိုက်နိုင်သည်ဟု သိရသည်။

ထို့ပြင် S-400၊ S-300V4၊ Buk-M3 နှင့် Tor-M2U အပါအဝင် အကွာအဝေးစွမ်းဆောင်ရည်အမျိုးမျိုး လွှမ်းခြုံကာကွယ်ထားနိုင်သော လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များကိုလည်း ထပ်မံအင်အားဖြည့်တင်းထားသည်။ ရုရှားတပ်မတော်သည် မျိုးဆက်သစ်ရေဒါစနစ်များကိုလည်း လက်ခံရရှိလိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက အမျိုးအစားအတိအကျ မဖော်ပြဘဲ ထုတ်ဖော်ပြောကြားသွားခဲ့သည်။

လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းမှုသည် ကွပ်ကဲထိန်းချုပ်မှုစနစ်ရှိရာ ဌာနချုပ်များ၊ မဟာဗျူဟာမြောက် ချူကလီးယားတပ်ဖွဲ့များနှင့် ပေါင်းစည်းလက်ရုံးတပ်တော်များအတွက် အရည်အသွေးမြင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ယူကရိန်းပဋိပက္ခအတွင်း ရုရှားတပ်မတော်သည် လေကြောင်းခြိမ်းခြောက်မှုအများအပြားကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရကြောင်း၊ နိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များသည် ပဋိပက္ခအတွင်း ပစ်မှတ်ပေါင်း ၃၀၀၀၀ ကျော်ကို ပစ်ချနိုင်ခဲ့သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။



၎င်းပစ်မှတ်များတွင် အများစုမှာဒရုန်းများဖြစ်ပြီး စုစုပေါင်းအစင်းရေ ၂၂၀၀၀ ကျော်သွားပြီဖြစ်ကြောင်း သိရသည်။ ရုရှားနိုင်ငံလေကြောင်းရန်ကာကွယ်ရေးတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် အမေရိကန်ထုတ် HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာများမှ ပစ်လွှတ်သောဒုံးကျည်အစင်း ၃၅၀၀ ကျော်အပါအဝင် ယူကရိန်းစစ်ဘက်သုံး ဒုံးပစ်လောင်ချာမျိုးစုံမှ ပစ်လွှတ်တိုက်ခိုက်လာသောခဲယမ်းကျည် ၆၀၀၀ ကျော်ကိုလည်း ကြားဖြတ်ဟန့်တား၊ ပစ်ချဖျက်ဆီးနိုင်ခဲ့သည်ဟု ရှွိုင်ဂူးက ပြောကြားခဲ့ကြောင်း သိရသည်။

**Russia to beef up air defense–Shoigu ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

စာမျက်နှာ ၁၇ မှအဆက်

**ဖလှယ်နိုင်ခြင်းအပြင် လူရည်ချွန်စခန်း အခြေစိုက်ရာဒေသများ၏ ဒေသန္တရ ဗဟုသုတများရရှိခြင်း၊ နိုးရာယဉ်ကျေးမှု ဓလေ့များ သိရှိနားလည်ပြီး မိမိနိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်၊ တန်ဖိုးထား ထိန်းသိမ်းလိုစိတ်များ ကိန်းအောင်းရှင်သန် လာစေမည်ဖြစ်**ကြောင်း။

ယခုကဲ့သို့ အဆင့်ဆင့်ကျော်ဖြတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်များ ဖြစ်လာရန် ကာယ၊ ဉာဏစွမ်းအားများနှင့် ကြိုးစားအားထုတ်ခဲ့သည့် မောင်မယ်များ အနေဖြင့် မိမိတို့၏အားထုတ်ကြိုးပမ်းမှုများ ကို ဆက်လက်ထိန်းသိမ်းထားရန်လိုကြောင်း၊ ရှေ့ဆက်ပြီး အဖိုးတန်လူငယ်များဖြစ်စေ ရန်နှင့် မိမိနေထိုင်ရာ လူ့အဖွဲ့အစည်း စာရိတ္တကောင်းမွန်ပြီး ရိုးသားတက်ကြွ ဖျတ်လတ်သည့်၊ သူတစ်ပါးကို ကူညီရန် အသင့်ရှိသည့်၊ လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ် သည့်၊ လူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်ရန်၊ တစ်နည်းအားဖြင့် လူတော်လူကောင်းများ ဖြစ်ရန် ပြုစုပျိုးထောင်ပေးခြင်းသည် မောင်တို့မယ်တို့အနေဖြင့် ပိုမိုကောင်းမွန် သည့် လူ့အဖွဲ့အစည်းကို တည်ဆောက် သွားနိုင်ကြရန်ပင်ဖြစ်ကြောင်း။

ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်း ကတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှု ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍ များတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်ကြောင်း၊ ထိုအထဲမှ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျကြောင်း၊ လူမှန်း သိတတ်စအရွယ်ကတည်းက ကျောင်းတက်ပညာသင်ကြပြီး ဘဝရှေ့ရေး အတွက် အတတ်ပညာအသိပညာပြည့်ဝ အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပညာရေးအခြေခံမကောင်းပါက မိမိ အတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည် နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အခြေခံပညာ ကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်း နေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင်သင်ယူ နိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး **စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်များနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက် တတ်သည့် အလေ့အကျင့်ကောင်းများ အစဉ်အမြဲ ကိန်းအောင်းနေစေရန်လည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ **"မိမိ ကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစား မည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်"**ဆိုသည့် ကျောင်းကောင်စီ ကတိကဝတ်နှင့်အညီ မိမိကိုယ်တိုင်သာ မက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့် စံပြလူငယ်မောင်မယ်များ ဖြစ်အောင် ကြိုးပမ်းထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လူငယ်မောင်မယ်များကို အကျင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် များနှင့် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီ လူငယ်၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များက "လူငယ်စွမ်းရည်" တေးသီချင်းဖြင့် ရပေါင်းသီဆိုဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လူရည်ချွန် မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



အစမ်းအနားတက်ရောက်လာကြသူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များက ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြစဉ်။

# ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပ



**နေပြည်တော် ဧပြီ ၂၆**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသော လူရည်ချွန်မောင်မယ်များ ဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက ခေတ်ပေါ်တေးသီချင်းများ၊ ဇာတိမာန်နှင့်မျိုးချစ်စိတ်ကို တက်ကြွစေမည့် တေးသီချင်းများ၊ တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ လူငယ်မောင်မယ်များ စိတ်ခွန်အားရရှိစေမည့် တေးသီချင်းနှင့် အကအလှများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးမှ နိုင်ငံကျော် ဟာသပညာရှင် ဒိန်းဒေါင်နှင့်အဖွဲ့က စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဟာသပြက်လုံးများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များ၊ ကြက်ခြေနီမောင်မယ်များ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက စိတ်လက်ပေါ့ပါး တက်ကြွစွာ ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေပေးကြသည့် အနုပညာရှင်များနှင့်အတူ တပျော်တပါး ပါဝင်သီဆိုဆင်နွှဲကြသည်။

ထို့ပြင် လူရည်ချွန်မောင်မယ်များကလည်း တေးသီချင်းများဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ပေါ့ပါးလွတ်လပ်စွာ ပါဝင်သီဆိုဖျော်ဖြေကြရာ ပရိသတ်များက တစ်ခဲနက် အားပေးကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များ၏ "လတ်တီး" နှင့် "တောင်ယာဝင်ချိန်" တေးသီချင်း သီဆိုမှုနှင့်အတူ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကခုန်ကြကာ ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယမန်နေ့ ညနေပိုင်းကလည်း မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကို "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်" Video Clip နှင့် "နိုင်ငံတော်တည်ဆောက်ရေးနှင့်နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ" Video Clip တို့ကို ပြသခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က MRTV DTH စလောင်းအစုံ ၃၀ နှင့် DVB T2 Set Top Box အလုံးရေ ၁၅၀ တို့ကို ကံစမ်းမဲဖောက်ကာ မဲပေါက်ကြသည့် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် ကြက်ခြေနီမောင်မယ်များကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဧပြီ ၂၆**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံ လေလုံခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များရွတ်ဆိုကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အားကစားသမားများကို လိုက်လံနှုတ်ဆက်ပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ညောင်ဦးခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို မေ ၂ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



**စာမျက်နှာ ၁၈ မှအဆက်**

ကျောင်းနှင့်ကင်းကွာ ပညာရေးနိမ့်ကျသည့် လူငယ်များမဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

ယခုကဲ့သို့ လူရည်ချွန်မောင်မယ်များနှင့်တွေ့ဆုံမှာကြားခိုက်တွင် ကျောင်းသား၊ ကျောင်းသူများ စာသင်နှစ်ပြီးသဖြင့် အတန်းတက်ပြီး တန်းစဉ်ကူးပြောင်းသင်ယူကြရာတွင် ယခင်နှစ်များက သင်ကြားလိုက်သည့်သင်ခန်းစာများကို တစ်ပါတည်း သိရှိမှတ်သားသယ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ နှစ်စဉ်သင်လိုက်သည့်စာများ၊ ပညာများကို မေ့ပျောက်မပစ်ဘဲ ဦးနှောက်ထဲတွင် စွဲစွဲမြဲမြဲမှတ်သားမိနေပါမှ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက အတန်းသာအောင်၊ အသက်အရွယ်ကြီးမြင့်လာသော်လည်း ရှိသင့်ရှိထိုက်၊ ပြည့်စုံသင့်ပြည့်ဝထိုက်သည့် အသိပညာ၊ အတွေးအခေါ်၊ အယူအဆများ ရှိမလာနိုင်ခြင်းကြောင့် မိဘ၊ ဆရာများက ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လူရည်ချွန်မောင်မယ်များ လေ့လာရေးခရီးစဉ်တစ်လျှောက် အေးချမ်းပျော်ရွှင်စွာ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လေ့လာရေး၊ ရေ၊ မီး၊ လျှပ်စစ်နှင့် သန့်ရှင်းရေး၊ ဘေးကင်းလုံခြုံရေး၊ ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပူးပေါင်းဆောင်ရွက်ထားကြောင်း။

မောင်တို့မယ်တို့အနေဖြင့် မိမိတို့သက်ဆိုင်ရာ စုရပ်စခန်းနှင့် စခန်းအသီးသီးသို့ သွားရာခရီးစဉ်တစ်လျှောက် စည်းကမ်းတကျနှင့် သွားလာရန်၊ မိမိကျောင်း၊ မိမိမြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကို ကောင်းမွန်သည့် ဂုဏ်သတင်းနှင့် ကိုယ်စားပြုနိုင်ရန်၊ စခန်းအသီးသီးကိုရောက်သည့်အခါတွင်လည်း ဒေသန္တရဗဟုသုတများကို လေ့လာမှတ်သားရန်၊ အချင်းချင်းဗဟုသုတဖလှယ်ပြီး စည်းလုံးညီညွတ်စွာနေထိုင်ရန် မိမိတို့၏ ကြီးကြပ်ဆရာ၊ ဆရာမများ၏ အုပ်ထိန်းမှုအောက်တွင် စည်းကမ်းသေဝပ်စွာ နေထိုင်ပြုမူလှုပ်ရှားရန် မှာကြားလိုကြောင်း၊ သို့မှသာ လူရည်ချွန်စီမံကိန်း အကောင်အထည်ဖော်ခြင်း၏ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်စေမည်ဖြစ်သည်ကို ထပ်လောင်းအသိပေးပြောကြားလိုကြောင်း၊ အထူးသဖြင့် ခရီးစဉ်တစ်လျှောက် ကျန်းမာရေးဂရုစိုက်ရန်နှင့် မိမိတို့နေရပ်သို့ ပြန်ရောက်သည့်အခါ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် အုတ်တစ်ချပ်သဲတစ်ပွင့် ပမာဆောင်ရွက်နိုင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၄ ခုနှစ် လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံများကို လူရည်ချွန်မောင်မယ်များထံ ပေးအပ်ပြီး လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင်ပြန်လည်ပေးအပ်သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ သုံးထပ်ကွမ်း လူရည်ချွန် မောင်အောင်ကောင်းပြည့်က ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"အလင်းတစ်ခေတ်၏ အရင်းအမြစ်များကို မွေးဖွားခြင်း"** ကဇာတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် လူရည်ချွန် မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များက **"လူငယ် စွမ်းရည်"** တေးသီချင်းဖြင့်လည်းကောင်း စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ထူးချွန်လူငယ်မောင်မယ်များသည် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်များနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးမျိုးမင်း<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၂) | ဦးမင်းဟန်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၃) | ဒေါ်ခိုင်ရွှေဝါ<br>ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးဈေးကွက်၊ ငွေပေးချေမှုနှင့်<br>စာရင်းရှင်းလင်းမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၄) | ဒေါ်နွယ်နီထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၅) | ဦးဝင်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

### အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။
(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ။
(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။
(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။
(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။
(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။
(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။
(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြားနှစ်ဖက်နှင့်ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(ဧပြီ၊ ၂၀၁၄)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိစစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ






၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိစဉ်။

**နေပြည်တော် မေ ၂၆**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို မေ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီးလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦး၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၅၅ ဦး၊တနင်္သာရီတိုင်းဒေသကြီးဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊သင်တန်းသူဦးရေ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊သင်တန်းသူ ၅၄ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား၊သင်တန်းသူစုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတို့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသားဦးရေ ၇၀၊ မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံမြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသားဦးရေ ၅၀၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသားဦးရေ ၅၀၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသားဦးရေ ၅၀၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသားဦးရေ ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်းဦးရေ ၈၅၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို တိုက်ခိုက်ချေမှုန်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံအကြမ်းဖက်သမားများမှ (၂၃-၄-၂၀၂၄)ရက်နေ့တွင် ဖရိုဖရဲထွက်ပြေးစဉ် ဓမ္မသတ်ကျေးရွာတွင် မီးရှို့ဖျက်ဆီးခဲ့မှု




အကြမ်းဖက်အဖွဲ့များ ဖရိုဖရဲ ထွက်ပြေးစဉ် လမ်းကြောင်းတစ်လျှောက် မီးရှို့ဖျက်ဆီးသွားမှု



KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံအကြမ်းဖက်သမားများ (၂၅-၄-၂၀၂၄)ရက်နေ့ ဖရိုဖရဲထွက်ပြေးစဉ် ကော့ဘိန်းကျေးရွာရဲစခန်းအား မီးရှို့ဖျက်ဆီးထားရှိခဲ့မှု




တပ်မတော်စစ်ကြောင်းများမှ ကော့ဘိန်းကျေးရွာအား ပြန်လည်ထိန်းချုပ်ပြီးနောက် တွေ့ရှိရပုံ










ကော့ဘိန်းနှင့် ဓမ္မသတ်ကျေးရွာတိုက်ပွဲဖြစ်စဉ်များ၌ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂၆**

KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD(မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ မတ် ၂၄ ရက်မှစ၍ အင်အားအလွန်အကျွံအသုံးပြုကာ ဌာနဆိုင်ရာအဆောက်အအုံများ၊ ရဲစခန်းများအား ဝင်ရောက်တိုက်ခိုက်၍ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လာခဲ့ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များ၊ရဲစခန်းများမှအင်အားစုစည်း၍ ခုခံခဲ့သော်လည်း မတ် ၂၅ ရက်တွင် ကော့ဘိန်းကျေးရွာမှလည်းကောင်း၊မတ် ၂၇ ရက်တွင် ဓမ္မသတ်ကျေးရွာမှလည်းကောင်း အသီးသီး ခေတ္တခွာခဲ့ရပြီး တရနာကျေးရွာ၌ ပြန်လည်စုဖွဲ့ခဲ့သည်။

အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ကျေးရွာများအတွင်း နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်စွာဖြင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ကြရာ တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများ ပြန်လည်နေထိုင်နိုင်ရန်အတွက် ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဧပြီ ၁၁ ရက်မှစတင်၍ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် စုစုပေါင်းထိတွေ့တိုက်ပွဲ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့နှင့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ၍ မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဓမ္မသတ်ကျေးရွာကို ဧပြီ ၂၂ ရက်တွင်လည်းကောင်း၊ ကော့ဘိန်းကျေးရွာကို ဧပြီ ၂၅ ရက်တွင်လည်းကောင်း၊ တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များတွင် အကာအကွယ်ရယူပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ဘုန်းတော်ကြီးကျောင်းများ၊လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏စနစ်တကျစုဖွဲ့၍ ချီတက်တိုက်ခိုက်ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည်

စာမျက်နှာ ၂၃ သို့




(၁)

"ဟဲ့ အေးခင်။ အဲဒါ ရွာဦးကျောင်းက ဟိုခြေမသန်တဲ့ ဦးပဥ္စင်းလေး မဟုတ်လား"

ရွာလမ်းတစ်လျှောက် သန်စွမ်းသည့် ခြေထောက်ကို အားပြုကာ မသန်သည့် ခြေထောက်ကို အမှီပြု၍ အနီရောင်သင်္ကန်းကို လွှမ်းခြုံထားသည့် ရဟန်းတစ်ပါး လမ်းလျှောက်လာသည်ကို အမျိုးသမီးသုံးဦး တွေ့လိုက်ရသည်။ ထိုအမျိုးသမီး သုံးဦးအနက် နှစ်ဦးသည် တမာကုန်းရွာခံများဖြစ်ပြီး ကျန်တစ်ဦးသည်အခြားနယ်မှ ခဏအလည်ရောက်လာသူဖြစ်သည်။ အမျိုးသမီးသုံးဦးအနက် အမျိုးသမီးငယ်တစ်ဦးသည် ဦးပဥ္စင်းလေးကိုမြင်၍ စကားစလိုက်ခြင်းဖြစ်သည်။

"အေး ဟုတ်တယ်။ အဲဒါ ရွာဦးကျောင်းမှာ လက်ရှိသီတင်းသုံးနေတဲ့ ပထမကြီးတန်းအောင်ပြီးသား ဦးပဥ္စင်းလေးပေါ့။ ဦးပဥ္စင်းလေးကို ကြည့်ရတာ အရမ်းအေးချမ်းတယ်နော် မြနှင်း"

မအေးခင်သည် ဦးပဥ္စင်းလေးကို ကြည့်ပြီး ပီတိဖြင့် စကားဆိုလာ၏။ ဤသည်ကို အခြားတစ်နယ်မှ ရောက်လာခဲ့သည့် အမျိုးသမီးက ဦးပဥ္စင်းလေးကို သေချာလှမ်းကြည့်ပြီး-

"ခြေထောက်မသန်သူကို ရဟန်းပေးဝတ်တာ။ နင်တို့ဆီက ဘုန်းကြီးကျောင်းတွေက ဘယ်လိုလဲ။ မြတ်စွာဘုရား သတ်မှတ်ထားတဲ့ သတ်မှတ်ချက်ထဲမှာ မသန်စွမ်းသူတွေ ရဟန်းမဝတ်ရဘူးဆိုတာ ပါတယ်လေ"

"အဲဒါက ဒီလိုရှိတယ် သူဇာရဲ့။ ဒီဦးပဥ္စင်းလေးက အမှန်တော့ ကိုရင်ဝတ်စဉ်က ခြေလက်အင်္ဂါသန်စွမ်းသူပေါ့။ ဒါပေမဲ့ ကံတရားကြီးက သိပ်ကိုရက်စက်လွန်းတယ်ကွယ်"

စကားအဆုံးတွင် မြနှင်း ရင်ထဲဆို့နင့်လာရသည်။ သို့သော် ပြောနေသည့် စကားကိုတော့ ဆက်၍ ပြောရှာ၏။

"ဦးပဥ္စင်းလေးက အသက်၁၅နှစ်မှာ ကိုရင်ဝတ်တယ်။ အသက် ၂၀ မှာ ပဥ္စင်းဖြစ်တယ်။ အဲဒီအချိန်က ဦးပဥ္စင်းလေးက မြို့စာသင်တိုက်မှာ ပထမလတ်တန်းဖြေပြီးချိန်ပေါ့။ ပဥ္စင်းဖြစ်ပြီး နောက်တစ်နှစ်မှာ ဦးပဥ္စင်းလေးက ပထမကြီးတန်းအောင်တယ်။ ပထမကြီးတန်းအောင်တော့ ရွာပြန်လာခဲ့တယ်ပေါ့ သူဇာရယ်။ အဲဒီအချိန်က တို့တစ်ရွာလုံး ပျော်ရွှင်နေခဲ့ရတယ်။ တို့ရွာလို တောရွာလေးမှာ ပညာတတ်ရဟန်းတစ်ပါး ပေါ်ပေါက်လာတယ်ဆိုတာ လုံးဝမမျှော်လင့်ထားတဲ့ ဖြစ်ရပ်လေ။ ပထမကြီးတန်းအောင်ပြီး ပြန်လာတဲ့ ဦးပဥ္စင်းလေးကို တို့ရွာက အခမ်းအနားတွေနဲ့ ကြိုဆိုခဲ့ကြတယ်။ အဲဒီအချိန်က တကယ်ပျော်စရာကြီးပေါ့။ ဦးပဥ္စင်းလေးကလဲ ရွာမှာ ကျောင်းနားချိန် ခဏသီတင်းသုံးပြီး စာသင်တိုက်တွေ ပြန်ဖွင့်ချိန်မှာတော့ ဓမ္မာစရိယတန်းဖြေဖို့ မူလစာသင်ကြားခဲ့တဲ့ စာသင်တိုက်ကိုပြန်ကြွသွားခဲ့တယ်။ အဲဒီအချိန်မှာပဲ ကံတရားက သိပ်ကိုရက်စက်လွန်းခဲ့တယ် သူဇာရယ်"

မြနှင်းသည် ထိုစကားကို မျက်ရည်များဖြင့် အားယူပြောရင်း ပြီးခဲ့သည့် ၁၀နှစ်ကျော်က သူတို့တစ်ရွာလုံး ဦးပဥ္စင်းလေးနှင့် ပတ်သက်ပြီး ကြုံခဲ့ရသည့် ကြေကွဲစရာ အဖြစ်အပျက်တစ်ခုကို ပြန်ပြောပြလာခဲ့သည်။

(၂)

"ဆရာတော် ဘုရား။ ဆရာတော် ဘုရား"

ကျောင်းသားလေး ထွန်းမောင်တစ်ယောက် ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယရှိရာ ကျောင်းတိုက်အတွင်းသို့ မျက်ရည်များမသုတ်နိုင်ဘဲ ပြေးလာခဲ့၏။ ဆရာတော်ဦးနန္ဒိယသည် နေ့လယ်ဆွမ်းဘုဉ်းပေးပြီးသဖြင့် ကိုရင်ငယ်လေးများကို စာသင်ကြားပေးနေ၏။

"ဝေ့ ကျောင်းသားထွန်းမောင် ဘာဖြစ်လာတာလဲ။ ဦးပဥ္စင်းက ဒီမှာ"

ဆရာတော်သည် ကျောင်းခေါင်းရင်း သစ်ပင်အရိပ်အောက်တွင်ရှိသော ကွပ်ပျစ်ပေါ်တွင် ကိုရင်လေးများနှင့်အတူ ရှိနေခဲ့၏။ ကျောင်းရှိရာသို့ ပြေးလာခဲ့သော ကျောင်းသားထွန်းမောင်ကို ထိုကွပ်ပျစ်ရှိရာသို့ လှမ်းခေါ်လိုက်၏။ ထွန်းမောင်သည် ဆရာတော်ကို ဦးချလိုက်ပြီး-

"ဆရာတော် ဦးပဥ္စင်းလေး လိုက်ပါသွားတဲ့ကား လမ်းမှာမှောက်လို့တဲ့ ဘုရား"

"ဘယ်လို"

ဆရာတော် ဦးနန္ဒိယမှာ ကြားလိုက်ရသည့် စကားကြောင့် ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ပြီး-

"အခုဦးပဥ္စင်းလေးက ဘယ်မှာလဲ။ ဘာဖြစ်သွားသေးလဲ။ ဘယ်သူပြောတာလဲ"

ဆရာတော်သည် သားတပည့်အတွက် စိုးရိမ်စိတ်များဖြင့် မေးခွန်းများစွာ မေးလိုက်မိသည်။

"ရွာသူကြီး ဘိုးလေးဘရင်အိမ်က ဖုန်းကို တိုက်နယ်ဆေးရုံက ဖုန်းဆက်အကြောင်းကြားတာပါ ဆရာတော်။ ဦးပဥ္စင်းလေး အခြေအနေကိုတော့ တပည့်တော်တို့ သေချာမသိရသေးပါဘူးဘုရား"

"ဒါဆို ဦးပဥ္စင်းလေးဆီ လိုက်သွားကြတာပေါ့"

ဆရာတော်သည် တပည့်ဖြစ်သူ၏ သတင်းကြောင့် နေ့၏ နေအပူကိုလည်း မမှုနိုင်တော့ပေ။ နီညိုရောင်သင်္ကန်းကို ခေါင်းပေါ် အုပ်လိုက်ပြီး ထွန်းမောင်နှင့် ရွာသူကြီးဦးဘရင် အိမ်ကို ထွက်ခဲ့လေသည်။ ထိုအချိန်က တမာကုန်းရွာလေးတွင် ဖုန်းဆက်၍ ရသည့်နေရာသည် ရွာသူကြီးအိမ်ဖြစ်သည်။

(၃)

ဦးပဥ္စင်းလေး ခေမာသီရိသည် ဆရာတော် ဦးနန္ဒိယတို့ ရောက်လာသည်ထိ သတိလစ်မေ့မြောနေရာမှ သတိရမလာသေးပေ။ ဦးပဥ္စင်းလေး လိုက်ပါသွားသည့် ကားသည် ကုန်တင်ကားတစ်စီးနှင့် ဝင်တိုက်မိရာမှ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုသည် ပြင်းထန်သဖြင့် ယာဉ်ပေါ်တွင် ခရီးသည်တချို့ အသက်ဆုံးရှုံးခဲ့ရသည်။ ဦးပဥ္စင်းလေး အပါအဝင် ငါးဦးသာ အသက်ရှင်ခဲ့ပြီး အကောင်းပကတိအတိုင်းတော့ မဟုတ်ခဲ့ပေ။ ဆရာဝန်ကြီးသည် ဆရာတော်ကို ဦးပဥ္စင်းလေး၏ အခြေအနေအားလုံးကို ရှင်းပြ၏။ ဆရာတော်သည် တပည့်ဖြစ်သူ၏ အဖြစ်ကို ကြားသိရချိန်တွင် ရင်တွင်းမချိအောင် ခံစားခဲ့ရ၏။

ဦးပဥ္စင်းလေး သတိရလာချိန်တွင် ခြေထောက်များ လှုပ်ကြည့်သောအခါ လှုပ်ရှား၍ မရတော့ပေ။ သို့သော် ညာဘက်ခြေထောက်သည် အနည်းငယ် လှုပ်ရှား၍ ရနေသေးသည်။ ဘယ်ဘက်ခြေထောက်သည် မည်သို့မျှ လှုပ်ရှား၍မရတော့ပေ။ ဆရာဝန်ကြီး၏ ပြောစကားအရ အကြောသေသွားခြင်းဖြစ်သည်ဟု သိရလေသည်။

ဦးပဥ္စင်းလေး ခေမာသီရိသည် သူ၏ အခြေအနေအမှန်ကို သိရှိရချိန်တွင် ဝမ်းနည်းစွာ ငိုရှိုက်လေ၏။ ထို့နောက် ဆရာတော်ကို လက်အုပ်ချီတောင်းပန်ပြီး-

"တပည့်တော်ကို လူမထွက်ခိုင်းပါနဲ့ဘုရား။ တပည့်တော် လူမထွက်ချင်လို့ပါဘုရား။ တပည့်တော် သင်္ကန်းဝတ်နဲ့ပဲ သာသနာ့ဘောင်မှာနေချင်လို့ပါဘုရား"

ခြေထောက်မသန်တော့သည့်အချိန်တွင် လူထွက်ခိုင်းမည်ကို စိုးရိမ်သဖြင့် ဆရာတော်ကို လျှောက်နေခြင်းဖြစ်သည်။ ဦးပဥ္စင်းလေးကို ကြည့်ပြီး ဆရာတော်နှင့်အတူ ပါလာသည့် ဒါယကာများပင် မျက်ရည်ကျရရှာသည်။ ဆရာတော်သည်တပည့်ဖြစ်သူကို သနားကရုဏာဖြစ်နေရုံမှအပ မတတ်နိုင်ခဲ့ပေ။

ဦးပဥ္စင်းလေးသည် သူ့ကိုလူထွက်ခိုင်းမည်ကို စိုးရိမ်စိတ်ဖြင့် ဆရာတော်ကို အကြိမ်ကြိမ်အခါခါ တောင်းပန်နေခဲ့သည်။ သူသည် သာသနာ့ဘောင်တွင် ပျော်မွေ့သူတစ်ဦးဖြစ်သည်။ သူ၏ ကျန်ရှိနေသည့် သက်တမ်းကိုလည်း သာသနာ့တာဝန်များ ထမ်းဆောင်ရင်း ကုန်ဆုံးချင်သူဖြစ်သည်။ ထို့ကြောင့်လည်း လူထွက်ရမည်ကို ကြောက်ရွံ့နေခြင်းဖြစ်သည်။

(၄)

သင်္ကန်းဝတ်ဖြင့်သာ သာသနာ့ဘောင်တွင် နေထိုင်ချင်သည့် ဦးပဥ္စင်းလေး၏ စိတ်ဆန္ဒအရ ဆရာတော်သည် ဦးပဥ္စင်းလေးကို သာသနာ့ဘောင်တွင်သာ ရဟန်းအဖြစ်နေရန် ခွင့်ပြုခဲ့သည်။ ဦးပဥ္စင်းလေး ဆေးရုံဆင်းခွင့်ရသည့်နေ့တွင် ခြေထောက်မသန်တော့သည့် ဦးပဥ္စင်းလေး၏အဖြစ်ကို ကြည့်ပြီး တမာကုန်းရွာသားအားလုံး ဝမ်းနည်းစိတ်မကောင်း ဖြစ်ခဲ့ရသည်။ သို့သော် ဦးပဥ္စင်းလေးသည် ဒါယကာ၊ ဒါယိကာမများအားလုံးကို နှစ်သိမ့်ပေးပြီး-

"ဦးပဥ္စင်းအတွက် စိတ်မကောင်းမဖြစ်ကြပါနဲ့။ ဦးပဥ္စင်း ဒီဘဝမှာ ဒီလိုကြုံခဲ့ရတာတွေက ဝဋ်ကြွေးရှိလို့ ဝဋ်ကြွေးဆပ်ရတယ်လို့ပဲ မှတ်ပါတယ်။ ဦးပဥ္စင်း ဓမ္မာစရိယဘွဲ့ရတစ်ပါးမဖြစ်နိုင်တော့ပေမဲ့ ရွာမှာနေပြီး ရွာက ကလေးတွေနဲ့ ကိုရင်ငယ်လေးတွေကို စာသင်ပေးရင်း ရပ်ကျိုးရွာကျိုးတွေကို တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးသွားပါမယ်"

ဦးပဥ္စင်းလေးသည် သူ၏ စကားကတိအတိုင်း ကိုရင်ငယ်လေးများကို စာချပေးခဲ့သည်။ ရွာရှိ ကလေးငယ်တို့ကိုလည်း ကျောင်းသို့ စုဝေးခေါ်ကာ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ရပ်ကျိုးရွာကျိုးများကိုလည်း တတ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုးပေးခဲ့သည်။


အချိန်တစ်ခု ကြာမြင့်လာသည်နှင့်အမျှ ဦးပဥ္စင်းလေး၏ ခြေထောက်တို့သည် ပြန်လည်ကောင်းမွန်လာခဲ့သည်။ သို့သော် ဘယ်ဘက်ခြေထောက်သည် ညာဘက်ခြေထောက်ကဲ့သို့ အကောင်းပကတိ ပြန်ဖြစ်မလာခဲ့ပေ။ သန်စွမ်းသည့် ခြေထောက်တစ်ဖက်ကိုသာ အားပြုကာ ဦးပဥ္စင်းလေးသည် လမ်းပြန်လျှောက်နိုင်ခဲ့သည်။ ဘယ်ဘက်ခြေထောက်သည် လုံးဝလှုပ်ရှားမရခဲ့သလို ဘာခံစားမှုမှ ရှိမလာတော့ပေ။ သို့သော် ဦးပဥ္စင်းလေးသည် ညာဘက်ခြေထောက်ကို အားပြု၍ ဘယ်ဘက်ခြေထောက်ကို အမှီသဘောမျိုး ပြုလုပ်ကာ မည်သည့်အရာဝတ္ထုမှ မပါဘဲ လမ်းပြန်လျှောက်နိုင်အောင် ကြိုးစားခဲ့သည်။ စတင်လမ်းလျှောက်စဉ်က မကြာခဏ ပစ်လဲကျသော်လည်း ဦးပဥ္စင်းလေးသည် ဇွဲကောင်းစွာ အကူအညီမပါဘဲ လမ်းလျှောက်နိုင်အောင် ကြိုးစားခဲ့သည်။ ထိုသို့ကြိုးစားခဲ့သည်က ကောင်းမွန်သော ရလဒ်တစ်ခုကို ပြန်ရခဲ့သည်။ ယခုဆိုလျှင် ဦးပဥ္စင်းလေး ခေမာသီရိသည် ကျန်ရှိနေသည့် ခြေထောက်တစ်ဖက်ဖြင့် ကောင်းမွန်စွာ လမ်းပြန်လျှောက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့လမ်းပြန်လျှောက်နိုင်ချိန်တွင် ဦးပဥ္စင်းလေးသည် ရပ်ကျိုးရွာကျိုးကို ယခင်ထက်ပိုကြိုးစားလုပ်ဆောင်ခဲ့သည်။ ရွာသူ၊ ရွာသားများကို စည်းလုံးညီညွတ်အောင် ဆုံးမစကားများစွာ ပြောခဲ့သည်။ ထို့ပြင် ကလေးများကို သင်ကြားပေးသည့် ယဉ်ကျေးလိမ္မာသင်တန်းအပြင် ဓမ္မစကြာသင်တန်းကိုလည်း ပို့ချသင်ကြားပေးခဲ့သည်။

(၅)

အချိန်ကာလတစ်ခု၏အရွေ့ကို ရောက်လာချိန်တွင် ဆရာတော် ဦးနန္ဒိယလည်း ပျံလွန်တော်မူခဲ့သည်။ ထိုအခါ ကျောင်းထိုင်ရန် သံဃာရွေးကြရာတွင် ရွာသူရွာသားတို့သည် ဦးပဥ္စင်းလေးကို ကျောင်းထိုင်

စာမျက်နှာ ၂၅သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၃၁၂၄၇ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၃၁၂၄၇ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၁၂၄၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၂၄ ဒသမ ၇၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာ ၃၁၂၄၇ ဧကထိစိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာ စိုက်ခင်းဧက အားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၂၄၂ ဧက လျာထား စိုက်ပျိုးခဲ့ရာ ၃၁၂၄၇ ဧက စိုက် ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများရောင်းချပေးနိုင်ရေး စီမံထားကြောင်း၊ ထွက်ရှိလာသောနေကြာ မျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ပျော်ဘွယ်မြို့နယ် သဲပုတ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဲပုတ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံ ကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၅ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သဲပုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၈ ဦးကိုငွေကျပ်သိန်း၃၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ဦးကို ငွေကျပ် ၁၇၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**



➤ စာမျက်နှာ ၂၄ မှအဆက်

ပေးရန် လျှောက်ထားခဲ့သည်။သို့သော် ဦးပဥ္စင်းလေးသည် သူ၏ ချို့ယွင်းချက်ကြောင့် အခြားသံဃာတစ်ပါးကိုသာ ကျောင်းထိုင်စေခဲ့ပြီး သူသည် ကျောင်း၏လိုအပ်သည်များကိုသာ ပံ့ပိုးပေးခဲ့သည်။ ဦးပဥ္စင်းလေးကမူ ကိုရင်ငယ်လေးများကို စာချရင်း၊ ကလေးများကို စာသင်ရင်းဖြင့် ရံဖန်ရံခါတွင် တပည့်ဒါယကာ၊ ဒါယိကာမများကို တရားဓမ္မများ ဟောကြားရင်း သာသနာ့ဘောင်မှ ရပ်ရွာအကျိုးဆောင်နေသော ဆရာတော်အဖြစ် ယနေ့တိုင်ထိ တမာကုန်းရွာလေးတွင်ရှိနေဆဲဖြစ်သည်။

(၆)

သူဇာသည် မြန်နှင်းပြောပြခဲ့သည့် ဦးပဥ္စင်းလေး၏ ဘဝအကြောင်းကို နားထောင်ပြီး ဦးပဥ္စင်းလေးအပေါ်တွင် လေးစားကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာရသည်။ ဦးပဥ္စင်းလေး၏ ရပ်ကျိုးရွာကျိုးဆောင်ရွက်ပုံနှင့် သာသနာ့တာဝန် ကျေပွန်မှုတို့အပြင် ဥဒ္ဓါ၊ လိုလ၊ ဝီရိယနှင့် ခံယူချက်ပြင်းထန်ပုံတို့ကို နားထောင်ပြီး သူဇာတစ်ယောက် ကြက်သီးပင် ထလာရသည်။

"ဦးပဥ္စင်းလေးက သိပ်တော်တာပဲနော်။ ဦးပဥ္စင်းလေးရဲ့ စိတ်အားထက်သန်မှုကတော့ ငါတို့လူငယ်တွေ အတုယူလေးစားစရာပါပဲ အေးခင်နဲ့ မြန်နှင်းရယ်"

"ဒါကြောင့်မို့လဲ ဒီနယ်တစ်ခွင်မှာ ဦးပဥ္စင်းလေး ဦးခေမာသီရိကို ရပ်ရွာအကျိုးဆောင်ဆရာတော်လို့ ခေါ်ဝေါ်ကြတာပေါ့"

ထိုစကားကို ပြောနေသည့် မအေးခင်၏ စကားသံနှင့် အပြုံးတို့တွင် ပီတိများ လွှမ်းဖြာနေခဲ့ရလေတော့သည်။

## မြတ်သောစိတ်

\- ကူညီပါ တစ်ဖက်သား
အပြုံးများ ကူးစက်စေ၊
နိုင်ရာဝန် ပါဝင်ထမ်း
ကြိုးပမ်းမိတ်ဆွေ၊
စိတ်နှလုံးကောင်းဖို့လေ
ကျင့်ကြံနေ မေတ္တာပေး၊
မြတ်ဂုဏ်ရည် အစဉ်လှအောင်
ပြုကြစို့လေး။

\- စိတ်ယုတ်မာ မမွေးဘဲ
အတွေးလည်း လှဖို့ရန်၊
အတ္တကို အသုံးမပြု
တွေးရှုလမ်းမှန်၊
နှလုံးသား အသွင်သဏ္ဌာန်
မြဲမွမ်းမံ ကောင်းစေဖို့၊
စကားဆို နှုတ်မကြမ်း
ငြိမ်းချမ်းမည်မို့။

\- စိတ်စေတနာ မေတ္တာက
ရောင်ပြန်ရ တစ်နေ့မှာ၊
အေးချမ်းမည် ကိုယ်စိတ်နှစ်ပါး
ဆင့်ပွားလျက်သာ၊
ဘဝ၏ အဓိပ္ပာယ်မှာ
ခမ်းနားစွာ ရှင်သန်း၊
ထာဝစဉ် ဂုဏ်ရှိန်ဖြိုးလို့
နိုးကြားတင့်ဆန်း။ ။

**ဖြိုးထက်(ရေစကြို)**

# မင်းဘူးမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် မန်းကျိုးကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ထိန်းသိမ်းကြရန် မှာကြားသည်။

ရွာသစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။ **ဇင်မာ**

# တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များကို လေ့ကျင့်ပျိုးထောင်ရာတွင်

မောင်သောင်းဝင်း(တမန်ဟောင်း)

လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့်နိုင်ငံ၏ အရင်းအမြစ်များ၊ တစ်နည်းအားဖြင့် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ လူငယ်များကို မှန်ကန်စွာလေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်သာ အနာဂတ်နိုင်ငံတော်ကို မြင့်မားအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူ လူငယ်များဖြင့်သာ နိုင်ငံကိုကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဟူသည့် ဗလငါးတန်ပြည့်စုံနေအောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပေသည်။

**ကိန်းအောင်းရှင်သန်လာ**

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ် မေ ၂၂ ရက်တွင် နိုင်ငံတစ်ဝန်း၌ ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများ စတင်ဖွင့်လှစ်လျက်ရှိသည်။ ထို့ပြင် ယဉ်ကျေးလိမ္မာ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ရေကူး၊ မြန်မာ့သိုင်းစသည့် သင်တန်းများစွာကိုလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ နွေရာသီတွင် လူငယ်များအချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ပင်ဖြစ်သည်။

အထူးသဖြင့် ၂၀၂၃-၂၀၂၄ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးမှ လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲ အခမ်းအနားကို မေ ၂၆ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ခမ်းခမ်းနားနားကျင်းပသွားရန် စီစဉ်ထားကြောင်းသိရှိရသည်။ မိဘ၊ ဆရာသမားများ၏ ပြောဆိုဆုံးမမှုအောက်တွင် ကောင်းမွန်သည့် စည်းကမ်းများ၊ ကိုယ်ကျင့်တရားများနှင့်အညီ ကြိုးစားအားထုတ်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ဂုဏ်ပြုအခမ်းအနားကြီးသို့ တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များသည် ပုဂံ၊ တောင်ကြီး၊ ငွေဆောင် စသည့် လူရည်ချွန်စခန်းအသီးသီးကို လေ့လာရေးခရီးစဉ် သွားရောက်ခွင့်လည်းရရှိကြမည်ဖြစ်သည်။ ထိုသို့အဖွဲ့လိုက် စုစုစည်းစည်းသွားလာနေထိုင်လေ့လာကြခြင်းဖြင့် အချင်းချင်းရင်းနှီးခင်မင်မှုရရှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသန္တရဗဟုသုတများဖလှယ်ခြင်းဖြင့် သူငယ်ချင်းများနေထိုင်ရာဒေသအကြောင်းနှင့် လူရည်ချွန်စခန်းအခြေစိုက်ရာဒေသများ၏ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် ဗဟုသုတများ တိုးပွားလာပြီး နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်များ ကိန်းအောင်းရှင်သန်လာစေမည်ဖြစ်သည်။

ဆိုရလျှင်လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင်၂၅ ကြိမ်မြောက်ငွေရတုလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစပြီး ခေတ္တရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် လူရည်ချွန်စီမံကိန်းအမည်နှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် နှစ် ၆၀ ပြည့်မည်ဖြစ်သည်။

**ကောင်းမွန်သောရည်ရွယ်ချက်များ**

လူရည်ချွန်စီမံကိန်းများကို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုး

**❖ လူရည်ချွန်စီမံကိန်းများကို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်နှင့် ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များကိုပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက် သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည် ❖**

မှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်နှင့် ထူးချွန်ထက်မြက်သော ကျောင်းသား၊ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များကိုပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက် သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အမှန်တော့လူရည်ချွန်စီမံကိန်းများမှ ပေါ်ထွက်လာသော လူရည်ချွန်များသည် အနာဂတ်တွင်လည်း ထူးချွန်သောအရည်အသွေးများ၊ အရည်အချင်းများဖြင့် နိုင်ငံကိုအကျိုးပြုကာ ဆက်လက်ရှင်သန်ရပ်တည်သွားနိုင်ကြသည်။ ဆိုရလျှင် လူရည်ချွန်စီမံကိန်းသည် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် လူရည်ချွန်စီမံကိန်းသည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးခဲ့ကာ အစဉ်အလာကောင်းရှိခဲ့သည့် ပညာရေးစီမံကိန်းလုပ်ငန်းတစ်ခုလည်းဖြစ်သည်။

**ပိုင်ဆိုင်ထား**

စင်စစ်အားဖြင့် လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်သည်။ လူငယ်များသည် ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်သည်။ ထို့ပြင် လူငယ်များသည် မိမိလိုလားတောင့်တသည့်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ရည်မှန်းချက်များ၊ မျှော်လင့်ချက်များနှင့် တွန်းအားပေးနိုင်သည့် မောင်းနှင်အားများကို ပိုင်ဆိုင်ထားရှိသည်။

ထို့ကြောင့် ကျောင်းသားလူငယ်များသည် လူ့အသိုင်းအဝိုင်းတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ ရင်းနှီးဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန်လေးစားမှုတို့နှင့် နေထိုင်ပြောဆို ဆက်ဆံကြပြီး စဉ်းစားဆင်ခြင်မှုအသိဉာဏ်ပညာများနှင့် ကြိုးစားအားထုတ်သွားမည်ဆိုလျှင် အောင်မြင်မှုများကို လက်တွေ့ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များ ပေါ်ထွက်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသား၊ ကျောင်းသူများအားလုံး အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့်ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက် အထက်တန်းကျောင်း ၅၁ ကျောင်းကို ခရိုင် ၅၀ ၌ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ၂၀၂၄-၂၀၂၅ပညာသင်နှစ်တွင်လည်း ခရိုင် ၃၄ ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။ ထူးချွန်ထက်မြက်သူများအနေဖြင့်လည်း သက်ဆိုင်ရာသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ယူနိုင်ကြမည်ဖြစ်သည်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့်အကောင်အထည်ဖော်လျက်ရှိသည်။ အမှန်တော့အသိပညာရှင်၊ အတတ်ပညာရှင်ပေါများသော နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေး ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။

**တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များကို လေ့ကျင့်ပျိုးထောင်ရာတွင်**

နိုင်ငံတော်အနေဖြင့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးလျက်ရှိသည့်အပြင် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါး ယဉ်ကျေးလိမ္မာပြီး လူမှုရေးအသိစိတ်ဓာတ်များရရှိစေရန်၊ လူမှုအဖွဲ့အစည်းတွင် အဆင်ပြေစွာ လိုက်လျောညီထွေနေတတ်စေရန်၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်စေရန်၊ ဦးဆောင်တတ်သူများဖြစ်လာစေရန်နှင့်နောက်လိုက်ကောင်းများဖြစ်စေရန်၊ လူလိမ္မာနှင့် လူမိုက်ကိုခွဲခြားသိရှိ ပေါင်းသင်းဆက်ဆံတတ်စေရန်နှင့် စိတ်ထားမြင့်မြတ်ပြီး အဘက်ဘက်က ပြည့်စုံသည့် လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန် ပျိုးထောင်ပေးလျက်ရှိသည်။

ထို့ကြောင့် ပညာထူးချွန်ပြီးထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့်ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်နေခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်များကို နိုင်ငံတော်နှင့် တကွ အနာဂတ်မြန်မာ့လူ့ဘောင်ကိုဖန်တီးရန် တာဝန်ရှိသူများ၊ ဖန်တီးနိုင်စွမ်းရှိသူများအဖြစ် ယုံကြည်ရဲရင့်လာကြစေရေးအတွက် အလေးအနက်ထား လေ့ကျင့်ပြုစုပျိုးထောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ**

---

# ချောက်မြို့နယ် ကျေးရွာနှစ်ရွာ၌

# နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ချောက် မေ ၂၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်(ရ)ကျေးရွာနှင့် ကိုးဆူကျေးရွာ၌ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ် သုံးစွဲနိုင်မှု ရှိ၊ မရှိနှင့် စက်ရေတွင်းများ၏ ကြံ့ခိုင်မှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာ တာဝန်ရှိသူများနှင့်အတူ ဥယျာဉ်(ရ)ကျေးရွာနှင့် ကိုးဆူကျေးရွာ၌ အသုံးပြုလျက်ရှိသော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲမှု ရှိ၊ မရှိ အခြေအနေနှင့် လက်ရှိသောက်သုံးရေသုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချောက်မြို့နယ် ကြောင်ယာတော ကျေးရွာအုပ်စု ဥယျာဉ်(ရ)ကျေးရွာနှင့် မကျီးကန်ကျေးရွာအုပ်စု ကိုးဆူကျေးရွာ၌ လက်ရှိအခြေအနေတွင် သောက်သုံးရေ အခက်အခဲမရှိသော်လည်း နွေရာသီကာလများတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် အစီအမံများနှင့် ရေအရင်းအမြစ်များ၏ကြံ့ခိုင်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးရခြင်းဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ကြည်မြင့်က ပြောပြ၍ သိရသည်။

**အိမိုးမိုး**

# ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၂၀၈၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၂၀၈၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် နွေနှမ်းစိုက်ပျိုးမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရွှေဘိုမြို့နယ်တွင် ၁၅၇၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၂၀၂ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၈၉၈၁ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၉၉ ဧက စုစုပေါင်း ၂၀၈၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ နွေနှမ်း ၇၁၇၁၇ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီနှစ်လဲ နွေနှမ်းစိုက်ပျိုးမှု လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေတယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်နဲ့ စိုက်ပျိုးဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၈၁၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၃၁၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၀၂၇၈ ဧက စုစုပေါင်း ၇၁၇၁၇ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# စလင်းမြို့နယ် မကျီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း မေ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကူရင်းချောက်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာတွင် ကောဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က အမှာစကားပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မကျီးကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၁၄၈ ဦးကို ငွေကျပ် ၄၇ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ငွေကျပ် ၅၂ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ကွမ်းသီးအနုပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ကွမ်းသီးအနု ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုစံက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ကွမ်းသီးအနု ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ကွမ်းသီးအနု ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်ပဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က မှာယူမှုများလာလို့ ရန်ကုန်ကို ကုန်အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်ကနေ တင်ပို့ရောင်းချနေတဲ့ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၈၅၀၀၀ ထိ ဈေးရှိနေပါတယ်။ ကွမ်းသီးအနုရဲ့ ပြည်ပအဓိကဈေးကွက်က တရုတ်နိုင်ငံ ဈေးကွက်ပါ။ လက်ရှိမှာ ကွမ်းသီးတွေအရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုစံက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများထိ သွားရောက်ဝယ်ယူကာ စနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ငါးကုန်းမြို့နယ်၌ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ငါးကုန်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ငါးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို မေ ၂၅ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး ငါးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ တွေ့ကြုံခဲ့ရသည့်အားသာချက်များ၊ အားနည်းချက်များ၊ အခက်အခဲများ၊ အကြံပြုချက်များကို ဆွေးနွေးပေးစေလိုကြောင်း၊ ဆွေးနွေးပေးရမည့် ခေါင်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငါးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမစံပြကျေးရွာဆုရ ဖောင်တင်ကျေးရွာကိုလည်းကောင်း၊ ဒုတိယစံပြကျေးရွာဆုရ ချောင်းသာယာကျေးရွာကိုလည်းကောင်း၊ တတိယစံပြကျေးရွာဆုရ ဘုဒလက်ကုန်းကျေးရွာကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက ဆွေးနွေးပေးရမည့်ခေါင်းစဉ်တစ်ခုချင်းအလိုက် ဆွေးနွေးသုံးသပ်ကြပြီး ဆွေးနွေးမှုရလဒ်များ ပြန်လည်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ စုစုပေါင်း ၆၃ ဦး တက်ရောက်ကြောင်း သိရသည်။

ငါးကုန်းမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာယူနစ် ၅၂ ယူနစ် ကျေးရွာ ၆၃ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

**ချိုလေး**

# ကွန်ဟိန်းမြို့နယ် သိန်းဖျံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကွန်ဟိန်း မေ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သိန်းဖျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့်ဝန်ထမ်းများက သိန်းဖျံကျေးရွာတွင် 550 Watt ရှိ ဆိုလာရေသန့်စက် တပ်ဆင်ပြီးစီးမှုနှင့် အလျား ၃၉ ပေ၊ အနံ ၁၆ ဒသမ ၅ ပေ၊ အမြင့် ၉ ဒသမ ၅ ပေရှိ သံမဏ္ဍပ်ဝယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် စနစ်တကျ ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၇၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာအကူအညီများနှင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ သိန်းဖျံကျေးရွာရှိ ကျေးလက်နေပြည်သူများကို အကျိုးပြုခဲ့ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းထံမှ သိရသည်။

**ချိုသန်းညွန့်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုမြှင့်တင်နိုင်မည့် တရုတ်နိုင်ငံ၏ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအစဉ်


တရုတ်နိုင်ငံသည် မကြာသေးသည့် နှစ်များမှစ၍ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကိစ္စရပ်များတွင် ဦးဆောင်ဖြေရှင်းနိုင်ရန် ကြိုးပမ်းလာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် သမ္မတရှီကျင့်ဖျင်သည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထောက်ခံခဲ့ပြီးဖြစ်သည့် ဘုံ၊ ဘက်စုံ၊ ပူးပေါင်းဆောင်ရွက်ရေးနှင့်ရေရှည်တည်တံ့သောလုံခြုံရေးအတွက် မျှော်မှန်းချက်အသစ်ကိုစတင်ခဲ့သည်။ ဤလုံခြုံရေးအမြင်သစ်၏အနှစ်သာရမှာ နိုင်ငံတိုင်း၏လုံခြုံရေးကို လေးစားလိုက်နာပြီး အကာအကွယ်ပေးသည့် ဘုံလုံခြုံရေးသဘောတရားကို ထောက်ခံအားပေးရန်ဖြစ်သည်။ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နယ်ပယ်နှစ်ခုစလုံးတွင် လုံခြုံရေးကို ထိန်းသိမ်းထားပြီး လုံခြုံရေးအားကြီးကြပ်မှုကို ပေါင်းစပ်ညှိနှိုင်းသည့်နည်းလမ်းဖြင့် တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်သည်။ အဓိကအားဖြင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းမှုများမှတစ်ဆင့် လုံခြုံရေးကို ဖော်ဆောင်ပေးမည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကတိကဝတ်ပြုလုပ်ဆောင်ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်ကပြုလုပ်သည့် Boao Forum for Asia (BFA) နှစ်ပတ်လည်ညီလာခံ၌ တရုတ်သမ္မတရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးပဏာမအစီအစဉ် (Global Security Initiative-GSI) ကို ၎င်း၏အဓိကမိန့်ခွန်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ ပဏာမခြေလှမ်း၏ အခြေခံမူများနှင့်အညီ တရုတ်နိုင်ငံသည် နိုင်ငံတကာနှင့် ဒေသတွင်းအရေးကိစ္စများကို နိုင်ငံရေးအရ ဖြေရှင်းရန် တက်ကြွစွာထောက်ခံအားပေးခဲ့သည်။ ဤလုပ်ဆောင်မှုသည် မြင်သာထင်သာသောတိုးတက်မှုကိုဖြစ်ထွန်းစေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုကာကွယ်ရန် တရုတ်နိုင်ငံ၏ ကတိကဝတ်ကို အလေးပေးဖော်ပြလျက်ရှိသည်။

ယနေ့ခေတ် ပထဝီနိုင်ငံရေးအခင်းအကျင်းတွင် ဒေသတွင်းပဋိပက္ခများနှင့် မငြိမ်မသက်မှုများ မကြာခဏဖြစ်ပွားမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစိုးရိမ်မှုများသည် အမြဲတစေရှိနေသည်။ GSI ၏ မိတ်ဆက်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေးလိုအပ်မှုကို ဖြေရှင်းရာတွင် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုကိုကိုယ်စားပြုပြီး ရှုပ်ထွေးသောလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် တရုတ်၏ ထူးခြားသောချဉ်းကပ်မှုကိုပေးဆောင်လျက်ရှိသည်။ မျှဝေထားသော အနာဂတ်ရှိသည့် ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်း၏ သဘောတရားတွင် အမြစ်တွယ်နေသော GSI သည် အဓိကမူခြောက်ချက်ကို အလေးပေးသည်။ ၎င်းတို့တွင် ဘုံသက်ဆိုင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးကို မြှင့်တင်ရန်နှင့် နိုင်ငံအားလုံးအတွက် အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုဂုဏ်သိက္ခာဆိုင်ရာအခြေခံမူများကို လိုက်နာဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

ထို့ပြင် လုံခြုံရေးပဏာမခြေလှမ်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏အခြေခံမူများကိုလိုက်နာရန်နှင့် နိုင်ငံအားလုံး၏ တရားဝင်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လေးစားလိုက်နာရန် အရေးကြီးကြောင်း အလေးပေးဖော်ပြထားသည်။ ၎င်းသည် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နယ်ပယ်နှစ်ခုစလုံးတွင် လုံခြုံရေးဆိုင်ရာကြိုးပမ်းမှုများ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ကြောင်းကို အလေးပေးကာ နိုင်ငံအချင်းချင်း အငြင်းပွားမှုများကိုဖြေရှင်းရန် အဓိကနည်းလမ်းအဖြစ် ငြိမ်းချမ်းသောဆွေးနွေးညှိနှိုင်းမှုနှင့် တိုင်ပင်ဆွေးနွေးမှုကို ထောက်ခံအားပေးထားသည်။ GSI ၏ ရှေ့တန်းမှ ရပ်တည်နေသည့် တရုတ်နိုင်ငံသည် ၎င်း၏အခြေခံမူများတွင် တက်ကြွစွာဦးဆောင်လျက်ရှိပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက်ရှိသည်။ အပြန်အလှန်လေးစားမှု၊ ပွင့်လင်းမှုနှင့် အားလုံးပါဝင်နိုင်မှု၊ နိုင်ငံစုံဝါဒ၊ အကျိုးပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုးစီးပွားကို ဟန်ချက်ညီစေသည့်အခြေခံမူများဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မှတ်သားဖွယ်အချက်မှာ တရုတ်နိုင်ငံ၏လုံခြုံရေးပဏာမခြေလှမ်းသည် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများထံမှ ပံ့ပိုးကူညီမှုရရှိထားသည်။ နှစ်နိုင်ငံနှင့် ဘက်စုံသဘောတူညီချက်များတွင် GSI ကိုထည့်သွင်းခြင်းသည် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာထိတွေ့ဆက်ဆံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖော်ရာတွင် ၎င်း၏အရေးပါမှုကို အလေးအနက်ပြုခြင်းဖြစ်သည်။




၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် တရုတ်နိုင်ငံကအရေးကြီးသော စာတမ်းနှစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပဏာမအစီအစဉ် သဘောထားစာတမ်းနှင့် ယူကရိန်းပဋိပက္ခကို နိုင်ငံရေးအရဖြေရှင်းမှုဆိုင်ရာ တရုတ်နိုင်ငံ၏ ရပ်တည်ချက်သဘောထားစာတမ်းဖြစ်သည်။ ၎င်းစာတမ်းက လက်ရှိနှင့် အနာဂတ်ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစိန်ခေါ်မှုများကိုဖြေရှင်းရန် စနစ်တကျ ထိုးထွင်းသိမြင်မှုနှင့် အရေးယူနိုင်သော အစီအမံများကို အဆိုပြုထားသည်။

၂၀၂၃ ခုနှစ် မတ်လနှောင်းပိုင်းတွင် ဆော်ဒီအာရေဗျနှင့် အီရန်တို့သည် တရုတ်နိုင်ငံ၏ ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်ပေးပြီးနောက် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ခဲ့ပြီး အရှေ့အလယ်ပိုင်းတွင် ပြန်လည်သင့်မြတ်ရေးလှိုင်းကို အားသစ်လောင်းပေးခဲ့သည်။ ဤသည်မှာ GSI သည် ဒေသတွင်းပဋိပက္ခများကိုဖြေရှင်းရန်အတွက် အထောက်အကူတစ်ခုအဖြစ်မည်သို့ လုပ်ဆောင်နိုင်သည်ကို ဥပမာပေးခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလက တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်ပြဿနာဆိုင်ရာ ၎င်း၏သဘောထားစာတမ်းကိုထုတ်ပြန်ခဲ့ပြီး အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် ဒေသတွင်း သာယာဝပြောရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ရန် ၎င်း၏ ကတိကဝတ်ကို ပြသခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကိုတုံ့ပြန်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဇီဝနည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ရာသီဥတုပြောင်းလဲမှုတို့မှတစ်ဆင့် အခြားနိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အချက်အလက်လုံခြုံရေးဆိုင်ရာကမ္ဘာလုံးဆိုင်ရာအစီအစဉ်နှင့် ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တု (AI) ကြီးကြပ်ရေးဆိုင်ရာကဲ့သို့သော အဆိုပြုချက်များသည် ပေါ်ပေါက်လာသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် တရုတ်နိုင်ငံ၏ တက်ကြွသောချဉ်းကပ်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။

ထို့ပြင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းတွင် တရုတ်နိုင်ငံ၏တပ်ဖွဲ့ဝင် ၅၀၀၀၀ ကျော်ကို ဖြန့်ကြက်ပြီး နိုင်ငံတကာဆေးဘက်ဆိုင်ရာများမှတစ်ဆင့် လူနာသန်း ၂၉၀ ကျော်အတွက် ဆေးဘက်ဆိုင်ရာအကူအညီများပေးအပ်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကြိုးပမ်းမှုများအတွက် ၎င်း၏အရေးပါသော ပံ့ပိုးမှုများကို အလေးပေးပြသလျက်ရှိသည်။

အနာဂတ်ကိုမျှော်ကြည့်ပါက GSI အောက်ရှိ ဒေသတွင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံ၏ဦးဆောင်မှုကို အနည်းဆုံးမဟာဗျူဟာသုံးရပ်ဖြင့် အဆင့်မြှင့်တင်နိုင်သည်။ ပထမအချက်မှာ တရုတ်နိုင်ငံသည် မျှဝေထားသောလုံခြုံရေးရည်ရွယ်ချက်များအတွက် နိုင်ငံတကာသဘောဆန္ဒကို နက်နက်ရှိုင်းရှိုင်းလုပ်ဆောင်ပြီး ကမ္ဘာ့လုံခြုံရေးနယ်ပယ်တွင် မြင်သာထင်သာရှိသော ပူးပေါင်းဆောင်ရွက်မှုကို မွေးမြူရမည်ဖြစ်သည်။ ၎င်းသည် အဆင့်မြင့်အရာရှိကြီးများခရီးစဉ် အပြန်အလှန်သွားရောက်မှုများ၊ သံတမန်ရေးရာညှိနှိုင်းမှုများနှင့် ဌာနဆိုင်ရာ အပြန်အလှန်ဆက်သွယ်မှုများမှတစ်ဆင့် လုံခြုံရေးမူဝါဒများ ဆိုင်ရာဆွေးနွေးပွဲများကို အားကောင်းလာစေရန် လိုအပ်သည်။

BFA၊ ပေကျင်း Xiangshan ဖိုရမ်၊ မြူးနစ်လုံခြုံရေးညီလာခံနှင့် ရှန်ဂရီလာဆွေးနွေးပွဲကဲ့သို့သော အခင်းအကျင်းများကို အသုံးချခြင်းဖြင့် တရုတ်နိုင်ငံသည် GSI ၏ အခြေခံမူများနှင့် ကျင့်ထုံးများဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုများကို လွယ်ကူချောမွေ့စေနိုင်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ပဏာမပူးပေါင်းဆောင်ရွက်မှု၏ အဓိကကျသောကဏ္ဍများတစ်လျှောက် သက်ဆိုင်သည့်နိုင်ငံအားလုံးနှင့် ခိုင်မာသောခြေလှမ်းများကို လုပ်ဆောင်မည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှု၏နယ်ပယ်နှင့် ထိရောက်မှုတို့ကို စဉ်ဆက်မပြတ် ချဲ့ထွင်လိမ့်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် တင်းမာသောပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ ထိုပြဿနာများကိုဖြေရှင်းရာတွင် တရုတ်၏ချဉ်းကပ်ပုံသည် ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံရေးအရဖြေရှင်းမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ သမာသမတ်ကျမှုနှင့် ဘက်မလိုက်သောကုစားမှုများကို အလေးပေးထားသည်။ ယူကရိန်းအရေး၊ အစ္စရေး-ပါလက်စတိုင်းအရေးနှင့် ပင်လယ်နီအခြေအနေကဲ့သို့သော ကမ္ဘာ့ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏အပြုသဘောဆောင်သောထိတွေ့ဆက်ဆံမှုသည် တင်းမာမှုများကို ပြေပျောက်စေရန် မရှိမဖြစ်လိုအပ်သည်ဟု ယုံကြည်လျက်ရှိကြသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအုပ်ချုပ်မှုစနစ်ကို တိုးတက်ကောင်းမွန်စေရေး အရှိန်အဟုန်မြှင့်ဆက်လက်လုပ်ဆောင်လိမ့်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအုပ်ချုပ်မှုတွင် ကုလသမဂ္ဂ၏ဗဟိုအခန်းကဏ္ဍအတွက် မယိမ်းမယိုင်ပံ့ပိုးကူညီရန် အစဉ်တစိုက်တောင်းဆိုခဲ့သည်။

အင်အားကြီးနိုင်ငံများသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းကျောင်းရာတွင် အထူးတာဝန်များလုပ်ဆောင်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်ရေးကြိုးပမ်းမှုများ၌ ဦးဆောင်ပါဝင်သင့်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် အစိုးရများအကြားရှိ အဖွဲ့အစည်းများနှင့်အတူ လုံခြုံရေးစီမံခန့်ခွဲမှုအတွက် အဓိကတာဝန်ကိုထမ်းဆောင်ရန် အသင့်ရှိနေသည်ဟုဆိုသည်။ တစ်ပြိုင်နက်တည်းတွင် လုံခြုံရေးအုပ်ချုပ်မှုတွင် စည်းလုံးညီညွတ်သောချဉ်းကပ်မှုတစ်ရပ်ထူထောင်ရန် အရပ်ဘက်အဖွဲ့အစည်းများမှ ပါဝင်ပတ်သက်မှုကို တက်ကြွစွာအားပေးတိုက်တွန်းလျက်ရှိသည်။

ခြုံ၍ဆိုရလျှင် တရုတ်နိုင်ငံသည် စဉ်ဆက်မပြတ်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ကမ္ဘာ့လုံခြုံရေးကို အစဉ်အမြဲစောင့်ကြည့်ကာ ဘုံသဘောတူညီချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖြေရှင်းနိုင်ရေးကို ကြိုးပမ်းလာကြောင်းတွေ့ရှိရသည်။ အထူးသဖြင့် ဆိုက်ဘာလုံခြုံရေး၊ AI လုံခြုံရေး၊ ဇီဝလုံခြုံရေးနှင့် အာကာသလုံခြုံရေးတို့ကဲ့သို့ ပေါ်ပေါက်လာသောလုံခြုံရေးနယ်ပယ်များတွင် တရုတ်နိုင်ငံသည် လိုက်လျောညီထွေရှိပြီး ထိရောက်သောအုပ်ချုပ်မှုပုံစံများကို ဖော်ဆောင်ရန်အတွက် လက်တွေ့ကျကျ စူးစမ်းရှာဖွေမှုကို ဦးဆောင်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း တွေ့ရှိရသည်။ အီရန်နှင့် ဆော်ဒီအာရေဗျတို့ သံတမန်ဆက်ဆံရေးထူထောင်နိုင်ရန် ကြိုးပမ်းနိုင်မှု၊ ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်သို့ ပြန်လည်ဝင်ရောက်နိုင်ရန် ကြိုးပမ်းနိုင်မှုတို့သည် တရုတ်တို့၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေး တိုးတက်ကောင်းမွန်ရေးကြိုးပမ်းမှု ပြယုဂ်များဖြစ်သည်။ ယခုတစ်ဖန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီကထုတ်ပြန်ခဲ့သော တရုတ်တို့၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးပဏာမအစီအစဉ်သည် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများရရှိလာသောကြောင့် စိန်ခေါ်မှုမျိုးစုံရင်ဆိုင်လာနေရသည့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အစီအစဉ်ကောင်းတစ်ရပ်အဖြစ် အောင်မြင်လာနိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **Global Security Initiative: Promoting world peace and stability, CGTN, April 2024**

နေရှား(သုတေသန)

# ကင်ညာနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၄၅ ဦးထက်မနည်း သေဆုံး



**နိုင်ရိုဘီ ဧပြီ ၂၆**

ကင်ညာနိုင်ငံတွင် မတ်လမှ ဧပြီ ၂၅ ရက်အတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် လူ ၄၅ ဦး ထက်မနည်း သေဆုံးကြောင်း ကင်ညာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် လမ်းတံတားအမြောက်အမြား ပျက်စီးခဲ့ပြီး နေအိမ်အမြောက်အမြားလည်း ပျက်စီးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် မတ်လအတွင်း သေဆုံးသူ ၃၅ ဦးရှိခဲ့ပြီး ဧပြီ ၁ ရက်မှ ဧပြီ ၂၅ ရက်အတွင်း သေဆုံးသူ ၁၀ ဦးရှိခဲ့ကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ထောင်နှင့်ချီ၍ ရှိနေသည့်အတွက်ကြောင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော်သားများကို စေလွှတ်ပေးခဲ့ကြောင်း ကင်ညာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

ရေကြီးရေလျှံမှုဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသောဒေသမှာ လူဦးရေထူထပ်သည့် နိုင်ရိုဘီမြို့ဖြစ်ပြီး ၎င်းမြို့တွင် ရေဘေးအန္တရာယ် ဆိုးရွားခဲ့ခြင်းကြောင့် အကူအညီလိုအပ်နေသည့် ဒေသခံအမြောက်အမြားရှိနေကြောင်း၊ နိုင်ရိုဘီမြစ်ရေလျှံတက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့်လည်း ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အမေရိကန်ပြည်သူ ၁၃၁ သန်းက ကျန်းမာရေးနှင့် မညီညွတ်သည့်ဒေသများတွင် နေထိုင်ကြရ

**ဝါရှင်တန် ဧပြီ ၂၆**

အမေရိကန်ပြည်သူ ၁၃၁ သန်းသည် ကျန်းမာရေးနှင့်မညီညွတ်သည့် ဒေသများတွင် နေထိုင်ကြရကြောင်း အမေရိကန်အခြေစိုက် American Lung Association၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ကျန်းမာရေးနှင့် မညီညွတ်သော လေထုညစ်ညမ်းမှုအဆင့်ရှိဒေသများတွင် နေထိုင်ကြရပြီး ရာသီဥတုဖောက်ပြန်မှုများ၊ ပြင်းထန်လာသည့်နှင့်အမျှ နိုင်ငံ၏သန့်ရှင်းသောလေထု အရည်အသွေးများ ကျဆင်းလာကြောင်း၊ ကျန်းမာရေးဆိုင်ရာ စစ်တမ်းများအရ အမေရိကန်ပြည်သူများသည် အန္တရာယ်ရှိသော လေများကို ရှူရှိုက်နေရကြောင်း American Lung Association ၏ အစီရင်ခံစာအရ သိရသည်။

"ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ၊ သယ်ယူပို့ဆောင်ရေးအရင်းအမြစ်တွေနဲ့ စက်မှုလုပ်ငန်းဆိုင်ရာလုပ်ငန်းတွေကနေ နေ့စဉ်နဲ့အမျှ အမှုန်အမွှားတွေ ထွက်လာပါတယ်။ လေထုညစ်ညမ်းမှုအကဲဥပဒေနဲ့ အဲဒီလေထုညစ်ညမ်းမှုရင်းမြစ်တွေကိုလျှော့ချနိုင်ခဲ့ပေမဲ့ ရာသီဥတုဖောက်ပြန်မှုနဲ့ တောမီးတွေကြောင့် လေထုညစ်ညမ်းရတာကိုတော့ မထိန်းချုပ်နိုင်သေးပါဘူး"ဟု Utah တက္ကသိုလ်မှ လေထုသိပ္ပံလက်ထောက်ပါမောက္ခ ဒန်နီရယ်မန်ဒိုဇာက ပြောကြားသွားခဲ့သည်။

နိုင်ငံအတွင်းရှိ လေထုအခြေအနေကို ခွဲခြမ်းစိတ်ဖြာထားသော အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံရှိ လူဦးရေ ၁၃၁ သန်းသည် ကျန်းမာရေးနှင့် မညီညွတ်သော လေထုညစ်ညမ်းမှုအဆင့်ရှိသည့် ဒေသများတွင် နေထိုင်နေကြရကြောင်း၊ လေထုညစ်ညမ်းရသည့်အကြောင်းရင်းများမှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားလာခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းမှထွက်ပေါ်လာသော မီးခိုးများကြောင့်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# အန္တာတိကရေခဲပြင်များတွင် နေထိုင်ကျက်စားသော အင်ပါယာပင်ဂွင်းများ ရေခဲပြင်များလျော့နည်းလာမှုကြောင့် အကောင်ရေကျဆင်းလာ

**လန်ဒန် ဧပြီ ၂၆**

၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင် ကမ္ဘာကြီးသိသိသာသာ ပူနွေးလာမှုကြောင့် အန္တာတိတ်တိုက်ရှိ ရေခဲပြင်များ အရည်ပျော်ကျမှုဖြစ်ပွားခဲ့သည့်အတွက် အဆိုပါဒေသ၌ နေထိုင်ကျက်စားကြသော အင်ပါယာပင်ဂွင် အရေအတွက်၏ ငါးပုံတစ်ပုံသည် မျိုးပွားရာသီတွင် မျိုးမပွားနိုင်ဖြစ်ခဲ့ရပြီး အကောင်ရေ ကျဆင်းလာကြောင်း British Antarctic Survey (BAS) ၏လေ့လာမှုတွင် ဖော်ပြခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အန္တာတိကတိုက်တွင် ယခုကဲ့သို့ ရေခဲပြင်များ တဖြည်းဖြည်းဆုံးရှုံးလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုများသည် အဆိုပါဒေသတွင် နေထိုင်ကျက်စားသော ပင်ဂွင်းများ၏ နေထိုင်ကျက်စားမှု အလေ့အထပုံစံများကို ပြောင်းလဲသွားစေပြီး မျိုးပွားရာသီတွင် မျိုးမပွားနိုင်မှုများ ဖြစ်ခဲ့သည့်အတွက် ပင်ဂွင်သားပေါက်များ ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ သားပေါက် အရေအတွက်များ ဆုံးရှုံးခြင်းကြောင့် အကောင်အရေအတွက်များ ကျဆင်းလာမှုကို အချိန်မီထိန်းသိမ်းမှုများ မပြုလုပ်နိုင်လျှင် ပိုမိုဆိုးလာနိုင်သည့်အလားအလာရှိသည့်အပြင် မျိုးသုဉ်းမှုထိပါဖြစ်လာနိုင်ကြောင်း သိရသည်။

"အင်ပါယာပင်ဂွင်တွေဟာ ကုန်းမြေနဲ့ အခိုင်အမာတွယ်ဆက်ထားတဲ့ ရေခဲပြင်တွေပေါ်မှာ သားပေါက်ကြလေ့ရှိပါတယ်။ အခုအခါမှာ အဲဒီအခိုင်အမာ ကုန်းမြေနဲ့ တွယ်ဆက်ထားတဲ့ ရေခဲပြင်တွေဟာ ကမ္ဘာကြီးပူနွေးမှုကြောင့် အရည်ပျော်မှုတွေ ဖြစ်လာပါတယ်။ အန္တာတိကမှာ အခုနှစ်ပင်ဂွင်တွေ အားလုံး မျိုးမပွားနိုင်ခဲ့ပါဘူး။ မျိုးပွားပြီး သားပေါက်ခဲ့တဲ့ သားပေါက်တွေကလဲ ရေခဲပြင်တွေအရည်ပျော်ပြီး ပင်လယ်ထဲ မျောသွားတဲ့အတွက် သားပေါက်တွေရေထဲကျ သေဆုံးတာတွေဖြစ်လာကာ အကောင်ရေတွေ ပိုမိုကျဆင်းလာတယ်"ဟု BAS မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : KZ**



# ဘရာဇီးဌာနေတိုင်းရင်းသားလူမျိုးစုများက ဘိုးဘပိုင်မြေများ ကာကွယ်ပေးရန် ပျက်ကွက်နေသည့် အစိုးရကို ဆန္ဒထုတ်ဖော်

**ဘရာဇီးလီးယား ဧပြီ ၂၆**

ဘရာဇီးနိုင်ငံဌာနေတိုင်းရင်းသား လူမျိုးစုများပူးပေါင်း၍ ဘိုးဘပိုင်မြေများ ကာကွယ်ပေးရန်ပျက်ကွက်နေသည့် ဘရာဇီးအစိုးရကို ဧပြီ ၂၅ ရက်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဂုဏ်ပြုဆုဖြစ်သည့် Goldman ဆုကို ရရှိထားသော အလက်ဆန္ဒာကိုရက်ပ်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးအစိုးရသည် အမေဇုန်သစ်တောကြီးဒေသကိုဖြတ်ကာ ဌာနေတိုင်းရင်းသားများ၏ဘိုးဘပိုင်မြေများတွင် မီးရထားလမ်းဖောက်လုပ်မည့် စီမံကိန်းအတွက် ပြင်ဆင်နေသောကြောင့် ဌာနေတိုင်းရင်းသားများက အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းမပြုရန် ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြကြောင်း၊ ရထားလမ်းစီမံကိန်းကြောင့် ဘိုးဘပိုင်မြေများပျက်စီးမည်ကိုစိုးရိမ်သကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမည်ကိုလည်း စိုးရိမ်သဖြင့် ဌာနေတိုင်းရင်းသား လူမျိုးစုများက အစိုးရကိုဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း အလက်ဆန္ဒာကိုရက်ပ်က ပြောကြားခဲ့သည်။

"ဖာရိုဂရာအို စီမံကိန်းကိုသာ အကောင်အထည် ဖော်လိုက်ရင် ဌာနေတိုင်းရင်းသားတွေရဲ့ ဘိုးဘပိုင်မြေတွေ ပျက်စီးသွားစေနိုင်သလို အမေဇုန် သစ်တောကြီးပိုင်းနဲ့ သဘာဝပတ်ဝန်းကျင်ကိုလဲ ဆိုးရွားစွာထိခိုက်စေပါလိမ့်မယ်။ ဒီမီးရထား လမ်းစီမံကိန်းဟာ ကုန်တင်ဖို့အတွက်သာ ရည်ရွယ်ပြီး ဖောက်လုပ်သွားမဲ့မီးရထားဖြစ်ပြီး ဒေသခံပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်ရေးအတွက် ရည်ရွယ်ပြီးဖောက်လုပ်မဲ့စီမံကိန်းမဟုတ်ပါဘူး။ ဌာနေတိုင်းရင်းသားတွေက သူတို့ရဲ့ ဘိုးဘွားအမွေအနှစ်တွေ ပျက်စီးသွားမှာ စိုးရိမ်နေကြသလို သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးယိုယွင်းသွားမှာကိုလဲ စိုးရိမ်နေကြတယ်။ ဒါကြောင့် ဆန္ဒထုတ်ဖော်ခဲ့ကြတာဖြစ်ပါတယ်"ဟု အလက်ဆန္ဒာကိုရက်ပ်က ပြောကြားခဲ့သည်။

အထူးသဖြင့် တာပါဂျိုစ်မြစ်အနီးတွင်တည်ရှိသော ဘိုးဘပိုင်မြေများကို ထိခိုက်ပျက်စီးစေမည်ကိုစိုးရိမ်သကဲ့သို့ တာပါဂျိုစ်မြစ်၏ ဂေဟစနစ် ယိုယွင်းမည်ကိုလည်း စိုးရိမ်နေကြောင်း အလက်ဆန္ဒာကိုရက်ပ်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# တောင်အမေရိကတိုက်တွင် ၂၀၂၄ ခုနှစ်အတွင်း လာနီညာရာသီဥတုနှင့် အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုနှုန်း မြင့်တက်လာဖွယ်ရှိနေ

**ကွီတို ဧပြီ ၂၆**

တောင်အမေရိကတိုက်တွင် ၂၀၂၄ ခုနှစ်အတွင်း လာနီညာရာသီဥတုနှင့် အယ်နီညိုရာသီဥတု ဖြစ်ပေါ်မှုနှုန်း မြင့်တက်လာဖွယ်ရှိနေကြောင်း အီကွေဒေါ်နိုင်ငံအခြေစိုက် International Center for Research on the El Nino Phenomenon စင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ် နှစ်လယ်မှစတင်၍ အယ်နီညိုရာသီဥတုဖြစ်ပေါ်နေပြီး အဆိုပါ အယ်နီညိုရာသီဥတုသည် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းဖြစ်ပေါ်ခဲ့သော အယ်နီညိုရာသီဥတုများ အနက် အားအကောင်းဆုံးဖြစ်နေကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း တောင်အမေရိကတိုက်၏ နိုင်ငံတချို့တွင် အယ်နီညိုရာသီဥတုမှ လာနီညာရာသီဥတုသို့ ကူးပြောင်းနေခြင်းမှာလည်း မြန်ဆန်နေကြောင်း၊ အဆိုပါစင်တာ၏ ညွှန်ကြားရေးမှူး ဟာနန်ဒက်ဇ်က ပြောကြားခဲ့သည်။

"အယ်နီညိုရာသီဥတုနဲ့ လာနီညာရာသီဥတု အပြောင်းအလဲတွေ အရမ်းမြန်နေတယ်။ ရာသီဥတု အပြောင်းအလဲတွေလဲ ဆက်တိုက် ဖြစ်ပေါ်နေတယ်။ တောင်အမေရိကတိုက်မှာ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း အားအကောင်းဆုံးအယ်နီညိုရာသီဥတုဖြစ်ပေါ်ခဲ့ပြီးတော့ အရင်တုန်းက အယ်နီညိုရာသီဥတုကြောင့် အခုလောက်ထိ ဆိုးရွားတဲ့ရိုက်ခတ်မှုတွေမဖြစ်ဖူးပါဘူး။ အားကောင်းတဲ့အတွက်လဲ နောက်ဆက်တွဲပြဿနာတွေများတယ်။ အချိန်တိုအတွင်းမှာ အပူလှိုင်းဖြစ်သန်မှုတွေ၊ အအေးဓာတ်မြင့်မားမှုတွေ၊ ရေကြီးရေလျှံမှုတွေနဲ့ မိုးခေါင်တဲ့ ပြဿနာတွေ ဖြစ်ပေါ်ခဲ့တယ်။ လာနီညာရာသီဥတုဟာ တောင်အမေရိကတိုက်မှာရှိတဲ့ နိုင်ငံတော်တော်များများမှာ ဒုတိယနှစ်ဝက်အတွင်း ဖြစ်ပေါ်လာနိုင်ခြေရှိနေပါတယ်"ဟု ဟာနန်ဒက်ဇ်က ပြောကြားသွားခဲ့သည်။

အပူချိန် မြင့်တက်မှုနှုန်းမှာလည်း မြန်ဆန်နေပြီး အယ်နီညိုရာသီဥတုနှင့် လာနီညာရာသီဥတု အကူးအပြောင်းမှာလည်း မြန်ဆန်နေသည့်အတွက် အပူလှိုင်းဖြစ်သန်မှုများ၊ အအေးဓာတ်မြင့်မားမှု၊ ရေကြီးရေလျှံမှုနှင့် မိုးခေါင်သည့် ပြဿနာဖြင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အဓိက ကစားသမားစုံလင်နေတဲ့ စပါးအသင်း၊ အတ္တလန်တာအသင်း၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



တနင်္ဂနွေနေ့ညမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာပါတယ်။ ကြားရက်မှာ ပရီးမီးယားလိဂ်၊ စီးရီးအေ၊ ပြင်သစ်လီဂူးတို့က အမှတ်ပေးပွဲတွေရှိခဲ့လို့ အဲဒီပွဲတွေကစားထားတဲ့ အသင်းတွေအနေနဲ့ ပွဲပန်းမှုရှိနေမှာကိုသတိပြုရမှာပါ။ တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတဲ့ထဲက ချန်ပီယံမျှော်လင့်ချက်နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရမဲ့အသင်းကြီးတွေကိုပဲ ဦးစားပေးချဉ်းကပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာ အဓိက ကစားသမားစုံလင်မှုနဲ့ နည်းစနစ်ပိုင်းကောင်းနေတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### စပါးအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လန်ဒန်ဒါဘီပြိုင်ဘက် စပါးအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံစဉ်က တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး စပါးက အပြန်အလှန်သွင်းဂိုးတွေနဲ့အာဆင်နယ်ကို ဖိအားပေးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ စပါးအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ နယူးကာဆယ်ကို လေးဂိုးပြတ်ရှုံးခဲ့ပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ စပါးအသင်းတိုက်စစ်နဲ့ ကွင်းလယ်ပိုင်း နားလည်မှုလွဲနေတာကြောင့် အခွင့်အရေးတွေမဖန်တီးနိုင်ဘဲ နယူးကာဆယ်ကို အရှုံးပေးခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် စပါးအသင်းဟာ ၃၂ ပွဲအပြီးမှာ ရမှတ် ၆၀ နဲ့ အဆင့်(၅) မှာရောက်ရှိခဲ့ပြီး အဆင့်(၄) က အေဗီလာနဲ့ ရမှတ်ခြောက်မှတ်ကွာဟနေလို့ အခုပွဲစဉ်ကို ရမှတ်ရှာဖွေနိုင်မှပဲ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ စပါးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းကိုးပွဲဆက် ရှုံးပွဲမရှိသေးဘဲ တိုက်စစ်ကလဲ ပွဲတိုင်းဂိုးရခဲ့တာကြောင့် အခုပွဲမှာ အာဆင်နယ်ကိုတုံ့ပြန်ကစားနိုင်မှာ သေချာပါတယ်။

အာဆင်နယ်အသင်းဟာ ခြေစွမ်းပိုင်းအတက်အကျမြန်နေတာကြောင့် နောက်ဆုံးငါးပွဲမှာ နှစ်ပွဲရှုံး၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းကိုရှုံးနိမ့်ခဲ့လို့ ပြိုင်ပွဲကထွက်ခွာခဲ့ရတာကြောင့် အခုရာသီမှာ အမှတ်ပေးဆုဖလားတစ်လုံးပဲ မျှော်လင့်ရတော့မှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲနှစ်ပွဲဆက်မှာ နှစ်ပွဲစလုံးအနိုင်ရခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၂) က လီဗာပူးနဲ့ရမှတ်သုံးမှတ်၊ အဆင့်(၃)က မန်စီးတီးနဲ့ရမှတ်လေးမှတ်ပဲကွာဟနေလို့ လာမဲ့ပွဲစဉ်ကိုအမှားလုပ်ခဲ့ရင် ချန်ပီယံလမ်းကြောင်းပေါ်က ဆင်းရမှာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြအာတီတာဟာ ပြီးခဲ့တဲ့ ချဲလ်ဆီးနဲ့ပွဲမှာ ဦးဆောင်ဂိုးတွေ သွင်းယူထားပေမဲ့ တိုက်စစ်အားမချခဲ့ဘဲ ဂိုးရသလောက်သွင်းယူခဲ့ပြီး အမှတ်ပေးဆုဖလားရဖို့ ကြိုးစားခဲ့တာကို တွေ့ရမှာပါ။ အခုပွဲမှာတော့ အဝေးကွင်းက အာဆင်နယ်က စပါးအသင်းကို သရေအရှုံးအကျော့ပေးထားတာဖြစ်ပြီး အိမ်ကွင်းတိုက်စစ်ကောင်းနေတဲ့ စပါးအသင်း အနည်းဆုံးသရေကစားဖို့ ကြိုးစားလာမှာဖြစ်လို့ အိမ်ရှင်စပါးအသင်းကိုရွေးချယ်ရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၃ | - | ၀ | စပါး |
| စပါး | ၂ | - | ၁ | လူတန် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | စပါး |
| စပါး | ၃ | - | ၁ | နော်တင်ဟမ် |
| နယူးကာဆယ် | ၄ | - | ၀ | စပါး |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၂ | ဘိုင်ယန်မြူးနစ် |
| အာဆင်နယ် | ၀ | - | ၂ | အေဗီလာ |
| ဘိုင်ယန်မြူးနစ် | ၁ | - | ၀ | အာဆင်နယ် |
| ဝုဗ် | ၀ | - | ၂ | အာဆင်နယ် |
| အာဆင်နယ် | ၅ | - | ၀ | ချဲလ်ဆီး |

### အတ္တလန်တာအသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အတ္တလန်တာအသင်းနဲ့ အမ်ပိုလီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အတ္တလန်တာအသင်းဟာ ကြားရက်က ဖလားပြိုင်ပွဲမှာ ဖီအိုရင်တီးနားကို ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲကိုတက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ အတ္တလန်တာဟာ တိုက်စစ်က လွတ်မန်းနဲ့ ပါဆာလစ်တို့ကို အနားပေးခဲ့ပြီး အခုပွဲအတွက် ကစားသမားအလှည့်ကျအသုံးပြုခဲ့တာဖြစ်ပါတယ်။ လက်ရှိ အတ္တလန်တာဟာ ရမှတ် ၅၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၆)မှာ ရပ်တည်နေပေမဲ့ အဆင့်(၄)က ဘိုလော့နာနဲ့တစ်ပွဲလျော့ရမှတ်ရှစ်မှတ်ပဲကွာဟနေလို့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခွင့်အရေးရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အခုပွဲစဉ်ကို အနိုင်ရခဲ့ရင် ရမှတ် ၅၇ မှတ်နဲ့ အဆင့်(၅) ထိရောက်မှာဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖြစ်လို့ မဖြစ်မနေအနိုင်ရဖို့ကြိုးစားလာမှာပါ။ နည်းပြဂက်စပါရီနီရဲ့ တိုက်စစ်ကစားပုံကလဲ ကောင်းမွန်လာတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံခြောက်ပွဲဆက်ဂိုးရခဲ့သလို ပြီးခဲ့တဲ့ပွဲစဉ်မှာဆို ဖီအိုရင်တီးနားလိုအသင်းကို လေးဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။

အမ်ပိုလီအသင်းဟာ အမှတ်ပေးပွဲ (၃၃) ပွဲအပြီးမှာ ရမှတ် ၃၁ မှတ်ပဲရခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၆) မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အဆင့်(၁၇)၊ အဆင့်(၁၈) က အသင်းတွေနဲ့ ရမှတ်သုံးမှတ်ပဲကွာဟခဲ့ပြီး တန်းဆင်းဇုန်ဖိအားအောက်ကျရောက်နေတာကိုတွေ့ရမှာပါ။ အမ်ပိုလီဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရမှတ်မဆုံးရှုံးဖို့ အပြင်းအထန်ကြိုးစားခဲ့ပေမဲ့ အိမ်ကွင်းပွဲတွေမှာပဲ နာပိုလီ၊ တိုရီနိုတို့လို အသင်းကြီးတွေကိုနိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဝေးကွင်းခံစစ်ကစားပုံအားနည်းနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တာကိုသတိပြုရမှာပါ။ အမ်ပိုလီဟာ ပထမအကျော့အိမ်ကွင်းမှာလဲ အတ္တလန်တာတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ခြင်းမရှိတာကြောင့် သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး အဲဒီပွဲစဉ်မှာ ကွင်းလယ်နဲ့တိုက်စစ်ကို ချိတ်ဆက်ပေးနေတဲ့ အတ္တလန်တာကစားသမား ကူမီနာကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့လို့ ရှုံးခဲ့တယ်လို့ဆိုရမှာပါ။ အခုပွဲစဉ်မှာလဲ အဝေးကွင်းစွမ်းဆောင်ရည်ကျဆင်းနေတဲ့ အမ်ပိုလီဟာ ကူမီနာ၊ စကာမက်ကာ၊ လွတ်မန်းတို့တိုက်စစ်အတွဲကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် အိမ်ရှင်အတ္တလန်တာအသင်း ရလဒ်ကောင်းမှာပါ။

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၀ | - | ၃ | အတ္တလန်တာ |
| အတ္တလန်တာ | ၂ | - | ၂ | ဗီရိုနာ |
| အတ္တလန်တာ | ၀ | - | ၁ | လီဗာပူး |
| မွန်ဇာ | ၁ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၄ | - | ၁ | ဖီအိုရင်တီးနား |

**အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၁ | ဘိုလော့နာ |
| အင်တာမီလန် | ၂ | - | ၀ | အမ်ပိုလီ |
| အမ်ပိုလီ | ၃ | - | ၂ | တိုရီနို |
| လက်ချီ | ၁ | - | ၀ | အမ်ပိုလီ |
| အမ်ပိုလီ | ၁ | - | ၀ | နာပိုလီ |

### ဆီဗီလာအသင်းကို အားပေးရမှာပါ

လာလီဂါပွဲစဉ် (၃၃)မှာ အကြိုက်တွေ့မိတာကတော့ ဘက်တစ်အသင်းနဲ့ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်ဟာ နောက်ပိုင်းမှာ အဓိက ကစားသမားတွေဒဏ်ရာက ပြန်ကောင်းလာတာကြောင့် တိုက်စစ်ကစားပုံထက်မြက်လာခဲ့တာပြီး နောက်ဆုံးငါးပွဲမှာ တိုက်စစ်က ရှစ်ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် ပြီးခဲ့တဲ့ ဆဲလ်တာဗီဂို၊ ဗလင်စီယာတို့နဲ့ပွဲစဉ်မှာလဲ တိုက်စစ်ပိုင်းအသာနဲ့ဖိအားပေးနိုင်ခဲ့ပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံရှစ်ပွဲဆက်မှာ ပွဲတိုင်းပေးဂိုးရှိခဲ့လို့ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ခံစစ်ပိုင်းမပြင်နိုင်ရင်တော့ ဆီဗီလာလို အသင်းလိုက်ကစားအားကောင်းတဲ့အသင်းကို ရမှတ်ခွဲပေးရဖို့များပါတယ်။

ဆီဗီလာအသင်းဟာ နည်းပြဆန်းချက်ဖလိုရက်စ် တာဝန်ယူပြီးနောက်ပိုင်း ရလဒ်ပိုင်းတိုးတက်လာတာကြောင့် တန်းဆင်းဇုန်က လွတ်မြောက်ခဲ့ပြီး လက်ရှိ ၃၂ ပွဲအပြီးမှာ ရမှတ် ၃၇ မှတ်နဲ့ အဆင့်(၁၂) ထိတက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းပြောင်းလဲကစားနေသလို အသင်းရဲ့ကစားသမားတွေကလဲ နားလည်မှုပြည့်ဝနေတာကြောင့် ရလဒ်ကောင်းကို ထိန်းထားနိုင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ဆီဗီလာဟာ အဝေးကွင်းပွဲစဉ်တွေမှာ စွမ်းဆောင်ရည်ပိုင်းပိုကောင်းနေပြီး နောက်ဆုံးအဝေးကွင်းခြောက်ပွဲမှာ ရီးရဲလ်မက်ဒရစ်တစ်သင်းထဲကိုပဲ ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ရှုံးခဲ့ပြီး အိမ်ကွင်းကောင်းတဲ့ ဂီတာဖေး၊ လက်ပါးမက်၊ ဗလင်စီယာ၊ ဗယ်လ်ကာနိုတို့ကို အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းတိုက်စစ်ကို အန်ညက်ဆီရီနဲ့ ရှိမဲရိုးတို့ကဦးဆောင်နေပြီး အန်ညက်ဆီရီဟာ အသင်းအတွက် ၁၄ ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဘက်တစ်နဲ့ဆီဗီလာတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်မှာလဲ ဆီဗီလာက နှစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ အသာရထားတာကြောင့် အဝေးကွင်းကစားပုံကောင်းနေတဲ့ ဆီဗီလာအသင်းကို အားပေးရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၃ | ဗီလာရီးရဲလ် |
| ဗယ်လ်ကာနို | ၂ | - | ၀ | ဘက်တစ် |
| ဂျီရိုနာ | ၃ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၂ | - | ၁ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၁ | - | ၂ | ဘက်တစ် |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်မာရီယာ | ၂ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၂ | ဆဲလ်တာဗီဂို |
| ဂီတာဖေး | ၀ | - | ၁ | ဆီဗီလာ |
| လက်ပါးမက် | ၀ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၁ | မာယော့ကာ |

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပြိုက်မက်မောစွာ အသုံးပြုနေသော




# ပြင်ဦးလွင်
# နန်းမြိုင်ကော်ဖီ



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ကုန်ဆုံးသွားသော စွမ်းအားများ
# DAGON Malta Fresh




# နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ပန်းညိုကျေးရွာနေ မဟာန်ပွားကြည် (ဘ) ဦးမြို့ကြည် (၅/မမန(နိုင်)၀၉၀၁၄၉) နှင့် မပွားစိန် သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ် အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၂၅-၉-၁၉၉၀ ဖြစ်ပါကြောင်း။

**မဟာန်ပွားကြည်(ခ)မပွားစိန်(၅/ မမန(နိုင်)၀၉၀၁၄၉)၊ ၂၅-၉-၁၉၉၀**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက် ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

- ကာကွယ်ရေးနှင့်ပတ်သက်၍ ခွန်အားရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိ...
- စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လို...
- စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြန်မာ-တရုတ် နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Wang Xiao Hong** ၏ ဖိတ်ကြားချက်အရ ဧပြီ ၂၄ ရက်မှ ၂၉ ရက်ထိ မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သို့ ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ထိုမှတစ်ဆင့် **စာမျက်နှာ ၂၃ ကော်လံ ၁ ☆**

| ထူးခြားသည့် နေ့အပူချိန်များ (၂၆-၄-၂၀၂၄) | | |
|---|---|---|
| | **ချောက်** | **စစ်ကိုင်း** |
| | ၄၇ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် | ၄၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| | **ညောင်ဦး** | **မကွေး** |
| | ၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | ၄၄ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |
| | **မြင်းခြံ** | **အောင်လံ** |
| | ၄၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ၄၄ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |

**ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများ၊ NMSPAD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို တိုက်ခိုက်ချေမှုန်း၊ ပိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ - ၂၂